# ညွန့်ပေါင်းသတင်းလွှာ

CRPP နေ့ ၁၆ ရက်
NLD နေ့ ၂၇ ရက်

**The Coalition News Bulletin**

စစ်အာဏာသိမ်းရှင်နေ့ ၁၈ ရက်

အမှတ် (၁၈)၊ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရမှ ထုတ်ဝေသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ** **ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ**

## မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းပေးရေးအတွက် နိုင်ငံတကာအဆင့် ပူးတွဲတာဝန်ယူသည့်လှုပ်ရှားမှု ဆင်နွှဲတောင်းဆိုရန် ဖိတ်ခေါ်ခြင်း

"ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး" (၁၇) နှစ်ပြည့်မြောက်သည့် အကြိုကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက 'ကုလသမဂ္ဂလုံခြုံရေးကောင်စီ' အနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းပေးပါရန် စုပေါင်းလက်မှတ်ရေးထိုး တိုက်တွန်းတောင်းဆိုသည့် လှုပ်ရှားမှု (Signature Campaign) တခု စတင်ခဲ့ပါသည်။ ယင်းလှုပ်ရှားမှုအား ကမ္ဘာအရပ်ရပ်မှ တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်ကြသော မြန်မာနိုင်ငံသားများနှင့် နိုင်ငံတကာမှမြန်မာ့မိတ်ဆွေများက အထူးစိတ်အားထက်သန်စွာ ထောက်ခံအားပေးခဲ့ကြသည်ကို တွေ့ရပါသည်။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ၏ လက်ရှိအရေးပေါ်အခြေအနေများကို 'ကုလသမဂ္ဂလုံခြုံရေးကောင်စီ' အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အထူးအလေးပေး ဂရုပြုလာစေရန် ဆက်လက်ကြိုးပမ်းအားထုတ်ကြဖို့ လိုအပ်နေချိန်ဖြစ်ပါသည်။

ထို့ကြောင့် Signature Campaign လှုပ်ရှားမှုကို ကမ္ဘာတဝှမ်းလုံးမှ အရှိန်အဟုန်တိုးမြှင့် ပူးပေါင်းပါဝင်လာကြရန် လိုအပ်ပါသည်။ သို့ဖြစ်၍ အဖွဲ့အစည်းအသီးသီးနှင့် တသီးပုဂ္ဂလ ပုဂ္ဂိုလ်တဦးချင်းတို့အနေဖြင့် ဤလက်မှတ်ရေးထိုးတောင်းဆိုသည့်လှုပ်ရှားမှုကြီးတွင် အတူတကွ ပူးတွဲတာဝန်ယူ ပါဝင်ကြပါရန် **ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ** တို့က လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

လက်မှတ်ရေးထိုးတောင်းဆိုသည့်လှုပ်ရှားမှု (Signature Campaign) အချိန်ကာလကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ထားပါသည်။ 'လက်မှတ်' များစုဆောင်းရယူသည့်ကိစ္စအပြင်၊ ပုဂ္ဂိုလ်တဦးချင်းနှင့် အဖွဲ့အစည်းအသီးသီးအနေဖြင့် အောက်ပါကိစ္စများကိုလည်း ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

★ 'ကုလသမဂ္ဂလုံခြုံရေးကောင်စီ' အဖွဲ့ဝင်နိုင်ငံသံရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သံတမန်များအား လက်ရှိမြန်မာနိုင်ငံအခြေအနေများကို ရှင်းပြ၍ စာနာထောက်ခံမှုရရှိအောင် ဆောင်ရွက်ခြင်း။ မိမိတို့နေထိုင်ရာနိုင်ငံများရှိ နိုင်ငံခြားရေးဝန်ကြီးဌာနများမှ သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ထမ်းများနှင့် ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များ၏ စာနာထောက်ခံမှု ရရှိအောင်လည်းဆောင်ရွက်ခြင်း။

★ မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် လူ့အခွင့်အရေးအခြေအနေများ ယိုယွင်းပျက်စီးနေခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံများမှ ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏အစိုးရအဖွဲ့များအား မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားရေးမူဝါဒများကို ပြန်လည်သုံးသပ်ကြရေးအတွက် တင်ပြပြောဆိုပေးပါရန် မေတ္တာရပ်ခံခြင်း။

★ မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် လူ့အခွင့်အရေးအခြေအနေများ ယိုယွင်းပျက်စီးနေသည့်ကိစ္စ နှင့်စပ်လျဉ်း၍ 'ကုလသမဂ္ဂ လုံခြုံရေးကောင်စီ' အနေဖြင့် ချက်ချင်းအရေးယူ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းတောင်းဆိုသည့် လှုပ်ရှားမှုအား သက်ဆိုင်ရာနိုင်ငံများမှ ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များကလည်း လက်ခံကျင့်သုံးကြပါရန် မေတ္တာရပ်ခံခြင်း။

★မြန်မာ့အရေးကိစ္စနှင့်ပတ်သက်သည့် လှုပ်ရှားမှုများကို လူအများ သိရှိသတိပြုမိလာစေရေးအတွက် မိမိတို့၏ လုပ်ဆောင်ချက်အဝဝကို သတင်းမီဒီယာဌာနများသို့ သတင်းပေးပို့ခြင်း။

မိမိတို့သက်ဆိုင်ရာနိုင်ငံအသီးသီးတွင် ဆောင်ရွက်ခဲ့ကြသည့် 'လက်မှတ်ရေးထိုးလှုပ်ရှားမှု' (Signature Campaign) သတင်းအချက်အလက်များကို "ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊ ကုလသမဂ္ဂရေးရာရုံး" NCGUB <burma1un@igc.org> သို့ ပေးပို့ကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။ 'လက်မှတ်ရေးထိုးလှုပ်ရှားမှု' နှင့် ပတ်သက်သည့် တိုးတက်ဖြစ်ထွန်းမှုများကို "ညွန့်ပေါင်းအစိုးရ၊ ကုလသမဂ္ဂရေးရာရုံး" က သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

❖ ❖ ❖ ❖ ❖

## ယခုလအထူးပြုစရာ


လုံခြုံရေးကောင်စီသို့ နှိုးဆော်စာ စာမျက်နှာ ၆
ညွန့်ပေါင်းအစိုးရနှင့် ကုလသမဂ္ဂ ၇
ညွန့်ပေါင်းအစိုးရ၏ တရုတ်-ရုရှအပေါ်သဘောထား ၇
အာဆီယံပါလီမန်အမတ်များအဖွဲ့ ၁၀
• လုံခြုံရေးကောင်စီသို့တောင်းဆို (အာဘော်) စာမျက်နှာ ၂
• ဝန်ကြီးချုပ်၏ ရှစ်လေးလုံးသဝဏ်လွှာ ၄
• ဦးလွင်၏ စီးပွားရေးပိတ်ဆို့မှုအပေါ် သဘောထား ၆
• ဖက်ဒရယ်အခြေခံဥပဒေမူကြမ်း နှင့် အခြေခံမူ (၈) ချက် ၆

# ညွန့်ပေါင်းသတင်းလွှာ အာဘော်

## လုံခြုံရေးကောင်စီသို့ လက်မှတ်ရေးထိုးတောင်းဆိုကြ

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းပေးရန် အချိန်ကျရောက်ပြီဖြစ်သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအရေး စိတ်ဝင်စားသည့်နိုင်ငံမှ လုံခြုံရေးကောင်စီအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူသည့်အပေါ်မူတည်၍ မြန်မာနိုင်ငံအရေးဆွေးနွေးစေရန် ကြိုးပမ်းရပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ၄င်း၏လုပ်ပိုင်ခွင့် “ဘောင်” အတွင်းမှသာ နိုင်ငံတနိုင်ငံ၏အရေးကိစ္စအား ဝင်ရောက်ကိုင်တွယ်ထိန်းသိမ်းတည့်မတ်ပေးနိုင်ပါသည်။ သို့ဖြစ်ရာ ကုလသမဂ္ဂယန္တယားအတွင်းမှ လုပ်ကိုင်လိုလျှင် အဆိုပါယန္တယားလုပ်ကိုင်နိုင်မည့် အခြေအနေမျိုးများ နိုင်ငံတွင်းတွင်ဖြစ်ပေါ်နေရန် လိုအပ်ပါသည်။

ညွန့်ပေါင်းအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ပြဿနာများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်ဖြေရှင်းပေးနိုင်စေရန် အခြေအနေများကို လေ့လာသုံးသပ်ကြည့်သည့်အခါ၊ အကြုံးဝင်သော အရေးကြီးသည့်အချက်နှစ်ချက်ကို တွေ့ရှိရပါသည်။

တချက်မှာ၊ မြန်မာနိုင်ငံမှအရင်းခံသောပြဿနာများကြောင့် အိမ်နီးချင်းနိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး၊ တည်ငြိမ်ရေးများကို ထိခိုက်စေသည့်အချက်ဖြစ်ပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမှစီးဆင်းလာသည့် HIV/ AIDS ကူးစက်ရောဂါပြဿနာများ၊ မူးယစ်ဆေးဝါးများအန္တရာယ်၊ ထွက်ပြေးလာသည့်ဒုက္ခသည်ဝန်ထုပ်ဝန်ပိုး စသည်တို့ဖြစ်ပါသည်

လုံခြုံရေးကောင်စီမှယူထားရသည့် အဓိကတာဝန်တခုမှာ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းထားပေးရန်ဟူသော အချက်ဖြစ်သော်လည်း မြန်မာနိုင်ငံနှင့်ပတ်သက်လာသည့်အခါ၊ အိမ်နီးချင်းနိုင်ငံများက နှစ်နိုင်ငံအကြားပြဿနာများကို တီးတိုးဖြေရှင်းခြင်းဖြင့်သာ ဆောင်ရွက်နေကြပြီး၊ အနိုင်နိုင်ငံပြဿနာအဖြစ် အရောက်မခံသောကြောင့်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ဝင်ရောက်ဖြေရှင်းပေးရန် အခြေအနေမပေးခဲ့ပါ။

အခြားအရေးကြီးအချက်မှာ ပြည်တွင်းတွင်ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တို့ကြောင့် မြန်မာပြည်သူပြည်သားများ အတိဒုက္ခရောက်နေကြရသည့်အချက်ဖြစ်ပါသည်။ ဥပမာအားဖြင့် ယနေ့ မြန်မာနိုင်ငံအခြေအနေမှာ ခြိမ်းခြောက်မှု၊ နှောင့်ယှက်ဟန့်တားမှု၊ နိုင်ငံရေးအကြောင်းခံဖြင့်ဖမ်းဆီးမှု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များအပေါ် ကန့်သတ်ချုပ်ချယ်မှုများ တိုးတက်များပြားလာနေပြီး၊ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား (၁၁၀၀) ခန့်သည် ဆိုးရွားကြမ်းတမ်းသောအကျဉ်းထောင်များအတွင်း၌ ရက်ရက်စက်စက် လူမဆန်စွာပြုမူဆက်ဆံခြင်းခံနေရသည်ဟု အစီရင်ခံထားသည့်အချက်ဖြစ်ပါသည်။ အမျိုးသားညီလာခံတွင် တိုင်းရင်းသားအပစ်အခတ်ရပ်စဲရေးအဖွဲ့များက တင်ပြထားသည့် ပြည်ထောင်စုအခြေခံမူများကို ပယ်ချခဲ့ခြင်းနှင့် စစ်အုပ်စုက ရှမ်းတိုင်းရင်းသားခေါင်းဆောင်များအား ဖမ်းဆီးခဲ့သည့်အတွက် ပြည်တွင်းစစ်မီးပြန်လည်တောက်လောင်လာမည့် နိမိတ်လက္ခဏာအသစ်များတွေ့နေရသည့်ပြင် တိုင်းရင်းသားလူမျိုးစုများ၏ နယ်မြေဒေသများတွင် နအဖစစ်တပ်များ ဖြန့်ကျက်တပ်စွဲမှု တိုးများလာပြီး ရပ်သူရွာသားများအပေါ် နှိပ်စက်ညှဉ်းပမ်းမှုများ ပိုမိုများပြားလာနေရာ လူအများအပြားအုပ်စုလိုက် မိမိတို့နေရပ်များကို စွန့်ခွာထွက်ပြေးရခြင်း၊ အိမ်နီးချင်းနိုင်ငံများအတွင်းသို့ ဒုက္ခသည်များအဖြစ် ထွက်ပြေးခိုလှုံရခြင်းများ တိုးပွားလာနေခဲ့ပါသည်။ စီးပွားရေးပျက်စီးယိုယွင်းမှုအခြေအနေ အလျင်အမြန်ဖြစ်ပွားနေသဖြင့် မြန်မာတနိုင်ငံလုံးလူဦးရေ၏ (၇၅) ရာခိုင်နှုန်း ဆင်းရဲမွဲတေမှုဒုက္ခ ခံစားနေရပါသည်။ အစားအသောက်ရှားပါးလာမှုပြဿနာ ကြီးမားလာ၍ ကလေးသူငယ်များအကြား အာဟာရချို့တဲ့မှုကို သိသာထင်ရှားစွာဖြစ်ပေါ်နေရာ အသက် (၅) နှစ်အောက်ကလေးငယ် (၃) ဦးတွင်တဦးမှာ အာဟာရချို့တဲ့သည့်ဝေဒနာ ခံစားနေရသည်။ မွေးကင်းစကလေးဖွားသေနှုန်း၊ ငါးနှစ်အောက်ကလေးသေနှုန်း၊ ကလေးမီးဖွားစဉ်မိခင်သေနှုန်း တိုးတက်မြင့်မားနေပြီး၊ အရွယ်မရောက်သေးသည့် ကလေးစစ်သားဦးရေမှာလည်း မြင့်မားလျက်ရှိပါသည်။ တိုင်းရင်းသားနယ်မြေဒေသများတွင် မြန်မာစစ်ဗိုလ်စစ်သားများက တိုင်းရင်းသူအမျိုးသမီးများအား အဓမ္မပြုကျင့်မှုများ ဆက်လက်ဖြစ်ပွားနေသည်ကို ‘မုဒိန်းကျင့်ခွင့်လိုင်စင်’ (ရှမ်းအမျိုးသမီးအဖွဲ့)၊ ‘ဆိတ်ငြိမ်မှုကို ဖြိုခွဲခြင်း’ (ကရင်အမျိုးသမီးအဖွဲ့)၊ ‘စစ်တန်းလျားတွင် ကိုယ်ဟန်ပြရခြင်း’ (မွန်ဒေသလူ့အခွင့်အရေးအဖွဲ့) စသည့် အစီရင်ခံစာများက အခိုင်အမာသက်သေခံလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းသည့်ကူးစက်ရောဂါ (HIV/AIDS) ထိန်းမနိုင်သိမ်းမရဖြစ်လာနေပြီး၊ အိမ်နီးချင်းနိုင်ငံများသို့ ရောဂါပြန့်ပွားစေသည့် ပင်မနေရာဌာန ဖြစ်လာနေပါသည်။

အထက်ပါအချက်များအရ မြန်မာပြည်တွင်း၌တည်ဆောက်နေသည်ဆိုသော အမျိုးသားပြန်လည်သင့်မြတ်ရေးသည် ဖြစ်မြောက်မည့်အလားအလာမရှိသည့်ပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် သူ၏ မြန်မာနိုင်ငံဆိုင်ရာအထူးသံတမန်တို့နှင့် နအဖမှ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံနှင့် အလှည့်ကျအဖွဲ့ဝင် (၁၀) နိုင်ငံ၊ စုစုပေါင်း (၁၅) နိုင်ငံရှိရာတွင် မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ စိတ်ဝင်စား စာနာထောက်ထားမှုရှိသည့်နိုင်ငံများက ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန်များနှင့် ချိန်ကိုက်ဆောင်ရွက်ရပါသည်။ ဥပမာ . . . တရုတ်နိုင်ငံ ဥက္ကဋ္ဌအလှည့်တွင် မြန်မာနိုင်ငံအရေးဆွေးနွေးရန်မဖြစ်နိုင်ပါ၊ ထို့တူ ရုရှားနိုင်ငံမှလည်း မြန်မာနိုင်ငံအရေးသည် နိုင်ငံရေးပြဿနာမဟုတ်ဘဲ၊ လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာ သက်သက်သာဖြစ်သည်ဟူသည့် အကြောင်းပြချက်ဖြင့် မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ဆွေးနွေးရန်ငြင်းပယ်လေ့ရှိပါသည်။ ဥက္ကဋ္ဌအလှည့်ကျနိုင်ငံများစာရင်းကိုကြည့်ပါက ၂၀၀၅ ခုနှစ် အတွင်း ဇန်နဝါရီလတွင် အာဂျင်တီးနား၊ ဖေဖော်ဝါရီလတွင် ဘီနင်၊ မတ်လတွင် ဘရာဇီး၊ ဧပြီလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (အမြဲတမ်းအဖွဲ့ဝင်)၊ မေလတွင် ဒိန်းမတ်၊ ဇွန်လတွင် ပြင်သစ် (အမြဲတမ်းအဖွဲ့ဝင်)၊ ဇူလိုင်လတွင် ဂရိ၊ ဩဂုတ်လတွင် ဂျပန်၊ စက်တင်ဘာလတွင် ဖိလစ်ပိုင်၊ အောက်တိုဘာလတွင် ရိုမေးနီးယား၊ နိုဝင်ဘာလတွင် ရုရှား၊ ဒီဇင်ဘာလတွင် ယူနိုက်တက်ကင်းဒမ်း (အမြဲတမ်းအဖွဲ့ဝင်) စသဖြင့်ဖြစ်ပါသည်။

ယခု ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရမှ ဦးစီးဆောင်ရွက်နေသည့် မြန်မာ့အရေး လုံခြုံရေးကောင်စီမှ ဝင်ရောက်ကိုင်တွယ်ဖြေရှင်းရေး လက်မှတ်ရေးထိုးတောင်းဆိုမှုမှာ ဖော်ပြပါကြိုးပမ်းဆောင်ရွက်မှု၏ အစိတ်အပိုင်းတခုဖြစ်သဖြင့် အင်တိုက်အားတိုက် လက်တွဲပါဝင်ပူးပေါင်းဆောင်ရွက်ကြပါရန် **ညွန့်ပေါင်းသတင်းလွှာ** မှ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## (၁၇) နှစ်မြောက် ရှစ်လေးလုံး

(၁၇) နှစ်မြောက်ရှစ်လေးလုံးအခမ်းအနားကို ဩဂုတ် ၈ ရက်တွင် ကမ္ဘာတဝှမ်းလုံး၌ မြန်မာအတိုက်အခံများက ကျင်းပပြုလုပ်ခဲ့ကြရာ ဘန်ကောက်မြို့ Student Christian Center တွင် မြန်မာနိုင်ငံဒီမိုကရေစီရရှိရေး ထိုင်းလှုပ်ရှားမှုကော်မတီ (TACDB) နှင့် အာရှ လွတ်လပ်သောရွေးကောက်ပွဲအဖွဲ့ (ANFREL) တို့က ဩဂုတ် (၇) ရက်နေ့၌ ကြီးမှူးကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာစန်းအောင်က အဖွင့်မိန့်ခွန်းပြောပြီး အမေရိကန်ပြည် ဝစ္စကွန်ဆင်တက္ကသိုလ်မှ ထိုင်းလူမျိုးပါမောက္ခ ထုံချိုင်းဝိနိချာကူက ထိုင်း–မြန်မာချစ်ကြည်ရေး မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် "စစ်အစိုးရ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီအခြေအနေကို ထွင်းဖေါက်လေ့လာခြင်း" ဆိုင်ရာနှီးနှောဖလှယ်ပွဲအဖြစ် ညွန့်ပေါင်းအစိုးရ ဖက်ဒရယ်ရေးရာဝန်ကြီး ခွန်းမတ်ရ်ကိုဘန်က "ပြည်ထောင်စုနှင့် အခြေခံဥပဒေ" ခေါင်းစဉ်ဖြင့် ပင်လုံစိတ်ဓာတ်အခြေခံ၍ အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံဥပဒေအတွက် ဒီမိုကရေစီနှင့် တိုင်းရင်းသားအဖွဲ့အစည်းပေါင်းစုံ ညှိနှိုင်းချမှတ်ထားသော အခြေခံမူ (၈) ချက်ကို ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြသွားသည်။ ထို့ပြင် ခွန်းမတ်ရ်ကိုဘန်က ရှစ်လေးလုံးအရေးတော်ပုံကြောင့် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများ ပိုမိုစည်းလုံးလက်တွဲမိလာပြီး အမြင်တူညီမှုများရလာသည်ဟု ပြောသွားသည်။ ထိုင်းအင်ဂျီအိုများမှ ဆွမ်ချိုင်းဟွမ်လာဝါနှင့် ဆုနိုင်းပါစွတ်တို့ကလည်း အသီးသီးဟောပြောသွားကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (အရှေ့ဖက်ရုံး) က ၎င်းအခမ်းအနားတွင် ***ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းပေးရေးအတွက် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာတဝှမ်းရှိ မြန်မာ့မိတ်ဆွေအပေါင်းတို့အား စုပေါင်းလက်မှတ်ရေးထိုးကြပါရန် တိုက်တွန်းသည့်လှုပ်ရှားမှု (Action Call) ဆိုင်ရာ စာရွက်စာတမ်းများ ဖြန့်ဝေခဲ့သည်။***

**အလားတူ အခမ်းအနားကို ဩဂုတ်လ (၈) ရက်နေ့တွင် ထိုင်းမြန်မာနယ်စပ်တနေရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ MPU၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်** (လွတ်မြောက်နယ်မြေ) NLD (LA)၊ မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် DAB၊ မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ် WLB၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု FDB၊ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ရက် SYCB ကပူးတွဲကျင်းပခဲ့ရာ DAB ကိုယ်စား ဒေါက်တာကျော်ညွန့်၊ SYCB ကိုယ်စား ကိုတိုးတိုးထွန်း၊ NLD-LA ကိုယ်စား မမော်မော်အောင်နှင့် FDB ကိုယ်စား ဦးကျော်ထက်တို့က ရှစ်လေးလုံးအမှတ်တရ ဟောပြောသွားကြသည်။ ❖



ဒေါက်တာစန်းအောင် အဖွင့်စကားပြောနေစဉ်

---

### အမေရိကန်ပြည်မှရှစ်လေးလုံးအခမ်းအနား ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းတက်

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော် မေရီလန်းပြည်နယ်မှ ABSDF ကျောင်းသားဟောင်း ကိုအောင်ကျော်ဦး၏ နေအိမ်တွင် (၁၇) နှစ်မြောက် ရှစ်လေးလုံး ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံ နှစ်ပတ်လည် အခမ်းအနားကျင်းပခဲ့ရာ NCGUB အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်း၊ ဝန်ကြီးဦးဘိုလှတင်နှင့်တကွ မြန်မာပြည်ဒီမိုကရေစီရရှိရေး လိုလားသူများ၊ ဒီပယင်းအရေးအခင်းမှ လွတ်မြောက်လာသူတချို့အပါအဝင် လူ (၅၀) ခန့် တက်ရောက်ခဲ့သည်။ ဒေါက်တာစိန်ဝင်းနှင့်ဦးဘိုလှတင်တို့က ရှစ်လေးလုံးအရေးတော်ပုံနှင့် ပတ်သက်ပြီး ဗွီအိုအေသို့ ယခုလိုပြောကြားသွားသည်။

***ဒေါက်တာစိန်ဝင်း။*** ။ နှစ်ပေါင်း ဒီလောက်ကြာပြီဖြစ်သော်လည်းပဲ လူတွေက၊ အထူးသဖြင့် အဲ့ဒီမှာ ပါဝင်လှုပ်ရှားခဲ့တဲ့လူတွေ၊ သက်သေအနေနဲ့ မြင်တွေ့ခဲ့ရတဲ့လူတွေမှာ မေ့လို့မရပါဘူး။ နောက်တခုကဘာလဲဆိုတော့ ဒါရဟန်းရှင်လူပြည်သူအားလုံးပါဝင်တဲ့၊ တိုင်းပြည်အတွက်၊ လွတ်လပ်ရေးအတွက် ဒါတိုက်ပွဲပဲ။

***ဦးဘိုလှတင်။*** ။ ရှစ်လေးလုံးဖြစ်ခဲ့တာ (၁၇) နှစ်ရှိလာပြီ ဖြစ်သည်နှင့်အညီ ကျနော်တို့ ဒီမိုကရေစီ ပန်းတိုင်ကိုရောက်ဖို့ (၁၇) နှစ်တာခရီး ပိုနီးလာပြီလို့ ကျနော်တို့တော့ ဒီလိုပဲယုံကြည်သလို၊ ဒီလိုပဲခံယူသလို မိဘပြည်သူတွေကိုလည်း ဒီလိုပဲ ခံယူစေချင်ပါတယ်ခင်ဗျာ။ ကျနော်တို့ ရှစ်လေးလုံးကြီးသာ မပေါ်ပေါက်ခဲ့ဘူးဆိုရင် ဒီကနေ့ ဗမာပြည်မှာ ဒီလိုအခြေအနေမျိုးတွေ ကောင်းတာတွေ ဆိုးတာတွေဟာ အကျိုးဆက်တွေအဖြစ် ပေါ်ထွန်းလာမှာ မဟုတ်ဘူး။

အလားတူရှစ်လေးလုံး နှစ်ပတ်လည် အခမ်းအနားကို အင်ဒီယားနားပြည်နယ် ဖို့တ်ဝိန်းမြို့၌ ဩဂုတ် (၇) ရက်နေ့က ကျင်းပခဲ့ရာ ဧည့်သည်တော်အဖြစ် မန္တလေးအရှေ့မြောက်မြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဦးသိန်းဦး တက်ရောက်ခဲ့သည်။ ❖

---

*စာမျက်နှာ (၁၃) ကော်လံ (၃)မှ* ↘

အရေးကော်မရှင် ပြုပြင်ပြောင်းလဲရေး၊ အထွေထွေညီလာခံ ပြုပြင်ပြောင်းလဲရေး၊ ဒါက UN ရဲ့ ပဋိဉာဉ်စာတမ်းနဲ့၊ UN ရဲ့ယန္တယားနဲ့ပတ်သက်တဲ့၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ပတ်သက်တဲ့၊ ဒါတွေကို ပြုပြင်ပြောင်းလဲမှာကိုး။ ရေတိုမှာတော့ သူတို့ရဲ့ အကျိုးစီးပွါးကို တိုက်ရိုက်တော့ ထိခိုက်စရာမရှိဘူး။ ရေရှည်မှာဆိုလို့ရှိရင် UN က ပိုပြီးတော့ ထိရောက်တဲ့ နိုင်ငံတကာအဖွဲ့အစည်းကြီးတခု ဖြစ်လာရင်တော့ ကျနော်တို့ ဗမာပြည်ပြည်သူလူထုတွေအတွက် ပိုကောင်းတာပေ့ါလေ။ အာဏာရှင်တွေအတွက်ကတော့ အဲလိုUN က ပိုထိရောက်လာရင် မကောင်းဘူးပေ့ါ။ သို့သော်လည်းပဲ အကျိုးစီးပွါး တိုက်ရိုက်ထိခိုက်စရာမရှိတာရော၊ နောက်တခုကတော့ ခုလောလောဆယ်မှာပေ့ါနော်၊ ဒီ UN ရဲ့ အဖွဲ့ဝင်နိုင်ငံတနိုင်ငံလည်း ဖြစ်နေတာ တပိုင်းပေ့ါနော်။ ဒါကြောင့်မို့လည်းပဲ လက်ခံတာလို့ ကျနော်တို့ မြင်တယ်။ ဟိုဖက်ကလည်းပဲ ခရီးစဉ်ကို စပြီးတော့ စီစဉ်ကတည်းက သူတို့ရဲ့ အဓိကရည်မှန်းချက်က UN reform ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့၊ အတိုက်အခံဖက်ကပေ့ါနော်၊ ကျနော်တို့ ဒီမိုကရေစီအင်အားစုဖက်က ပုဂ္ဂိုလ်တွေ၊ ခေါင်းဆောင်တွေနဲ့၊ တွေ့ဆုံဆွေးနွေးခွင့်ကို အဓိကထားပြီးတော့ မတောင်းတာလည်း လက်ခံလိုက်ခြင်းရဲ့ အကြောင်းအရင်းတခု ဖြစ်နိုင်တာပေ့ါ။ ❖

**ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ [၁၇] နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့**

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းထံမှပေးပို့သော သဝဏ်လွှာ

၂၀၀၅ ခုနှစ် ဩဂုတ်လ (၈) ရက်

စစ်အာဏာရှင်စံနစ်ဆိုးအောက်က အမိမြန်မာပြည်လွတ်မြောက်ရေးနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုသစ်တည်ဆောက်ရေးအတွက် ကျရာနေရာ ရောက်ရာအရပ်တွေကနေ မလျှော့သောဇွဲ၊ လုံ့လနဲ့ ဝိုင်းဝန်းကြိုးပမ်းအားထုတ်နေကြတဲ့ ဒီမိုကရေစီခေါင်းဆောင်များ၊ အင်အားစုများ၊ ရဲဘော်ရဲမေအပေါင်းတို့။

ဒီနေ့ဟာ ၁၉၆၂ ခုနှစ် မတ်လ (၂) ရက်နေ့ကစတင်ပြီး မြန်မာပြည်သူတွေက ရွေးချယ်တင်မြောက်ထားတဲ့ ဒီမိုကရေစီအစိုးရထံကနေ နိုင်ငံတော်အာဏာကို စစ်တပ်က လက်နက်နည်းနဲ့ သိမ်းပိုက်ရယူခဲ့ပြီး စစ်အာဏာရှင်စနစ်နဲ့ ဖိနှိပ်အုပ်ချုပ်ခဲ့ကြကတည်းက (၂၆) နှစ်လုံးလုံး ကြိတ်မှိတ်ခံစားခဲ့ကြရတဲ့ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးဆိတ်သုဉ်းကင်းမဲ့မှုတွေ၊ ဘဝလုံခြုံမှုနှင့် အာမခံချက်ကင်းမဲ့မှုတွေ၊ အထွေထွေနိမ့်ကျဆင်းရဲ ကြပ်တည်းမှု ပြဿနာတွေအားလုံးကို မခံမရပ်နိုင်ကြတော့တဲ့အဆုံး ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်တွေက စတင်ခဲ့ကြပြီး နောက်ဆုံးမှာ လူမျိုးပေါင်းစုံ၊ လူထု လူတန်းစားပေါင်းစုံ မြန်မာပြည်သူတွေအားလုံး တခဲနက်အုံကြွတော်လှန်ခဲ့ကြတဲ့ သမိုင်းဝင် (၈-၈-၈၈) ရှစ်လေးလုံး လူထုလှုပ်ရှားမှုကြီးရဲ့ (၁၇) နှစ်မြောက်နေ့ဖြစ်ပါတယ်။

တကယ်တော့ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးဟာ လူထုစွမ်းအား (People Power) ကြီးမားမှုနဲ့ **"ပြည်တင်းရင် မင်းမခံနိုင်"** ဆိုတဲ့ မြန်မာစကားပုံ ဘယ်လောက်မှန်တယ်ဆိုတာကို ထင်ထင်ရှားရှား မီးမောင်းထိုးပြလိုက်တဲ့ သမိုင်းဝင်ဖြစ်ရပ်တခု ဖြစ်ပါတယ်။ (၂၆) နှစ်လုံးလုံး အကြောက်တရားမျိုးစုံနဲ့ ခေါင်းငုံ့သည်းခံနေခဲ့ကြတဲ့ မြန်မာပြည်သူအများစုကြီးက မိမိတို့ရဲ့အကြောက်တရားတွေဖယ်ရှားပြီး ပြင်းပြတဲ့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး လိုလားမှုဆန္ဒတွေကို ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသား၊ ညီညီညွတ်ညွတ်နဲ့ တခဲနက်တောင်းဆို တိုက်ပွဲဝင်လာကြတဲ့အခါမှာ ထာဝရအာဏာကိုင်စွဲသွားချင်ကြတဲ့ စစ်အာဏာရှင် တပါတီအာဏာရှင်အစိုးရ (၃) ဆက်ထိ အာဏာစွန့်လွှတ်ခဲ့ကြရပြီး အများပြည်သူရဲ့ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုသာ မြန်မာနိုင်ငံမှာ ဦးတည်ဆောင်ရွက်ကြရမယ်ဆိုတဲ့လမ်းကြောင်း ပေါ်ထွန်းလာခဲ့ရတယ်ဆိုတာ ဘယ်သူကမှမငြင်းနိုင်တဲ့ သမိုင်းဖြစ်ရပ်မှန်တွေဖြစ်ပါတယ်။

ဒါပေမဲ့ ကျနော်တို့ဒီမိုကရေစီအင်အားစုတွေဘက်မှာ ရခဲ့တဲ့အချိန်တိုကာလအတွင်း ကျစ်လစ်ခိုင်မာပြီး ကျယ်ပြန့်တဲ့၊ ကိုယ်စားပြုမှုရှိတဲ့ ခေါင်းဆောင်မှုမျိုးရှိတဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီးဖြစ်အောင် စံနစ်တကျ မတည်ဆောက်နိုင်ခဲ့ကြဘဲ အကွဲကွဲအပြားပြားဖြစ်ခဲ့မှုတွေ၊ တချို့နေရာတွေမှာ မထိန်းသိမ်းနိုင်တဲ့ လူထုရဲ့ ဒေါသပေါက်ကွဲမှုတွေကို အကြောင်းပြ အခွင့်ကောင်းယူပြီး အာဏာယစ်မူးနေတဲ့ စစ်တပ်အာဏာပိုင်တွေက ရာပေါင်းများစွာသော ငြိမ်းချမ်းစွာ ဆန္ဒပြနေကြတဲ့ ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်တွေ၊ ရဟန်းရှင်လူ ပြည်သူတွေကို ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခြင်း၊ ရာပေါင်းများစွာသော လှုပ်ရှားမှုခေါင်းဆောင်တွေ၊ ဒီမိုကရေစီလိုလားသူတွေကို မတရားဖမ်းဆီးထိန်းသိမ်းခြင်း စတာတွေနဲ့ အကြမ်းဖက်နှိပ်ကွပ်ဖြိုခွင်းပြီး နောက်ထပ် အာဏာသိမ်းခဲ့တာကြောင့် ထောင်နဲ့ချီတဲ့ ဒီမိုကရေစီလှုပ်ရှားသူတွေ အိမ်နီးချင်းနိုင်ငံတွေ၊ နယ်စပ်ဒေသတွေကို ထွက်ပြေးတိမ်းရှောင်ခဲ့ကြရတဲ့နောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးဟာ လိုရာပန်းတိုင်မရောက်ခဲ့ဘဲ ပြိုကွဲခဲ့ရပြီး တိုင်းပြည်ဟာလည်း နဝတစစ်အာဏာရှင်လက်သစ်တွေရဲ့ လက်အောက်ကို ပြန်ရောက်ခဲ့ရတဲ့ သမိုင်းမှန်အပေါ်မှာ ကျနော်တို့အားလုံး သတိတရားရှိရှိနဲ့ သင်ခန်းစာယူတတ်ကြဖို့လည်း လိုအပ်ပါတယ်။

အဲဒီလို စစ်တပ်က မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကို ရက်ရက်စက်စက် အကြမ်းဖက်သတ်ဖြတ်ဖြိုခွဲခဲ့မှုအပေါ် ယဉ်ကျေးတဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းက ပြင်းပြင်းထန်ထန် ဝိုင်းဝန်းဝေဖန်ပြစ်တင်ခဲ့ကြပြီး ထောက်ပံ့နေကျ ဖွံ့ဖြိုးတိုးတက်မှုအကူအညီတွေ ဖြတ်တောက်ရပ်ဆိုင်းခဲ့တာတွေ၊ စီးပွားရေး၊ နိုင်ငံရေး၊ သံတမန်ရေးတို့အရ ဝိုင်းဝန်းပိတ်ဆို့ အရေးယူခဲ့မှုတွေကြောင့်မို့ရော အဓိကအားဖြင့်တော့ စစ်အာဏာပိုင်တွေရဲ့ ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုးကြားကနေ ချုပ်ငြိမ်းမသွားဘဲ အရှိန်အဟုန်နဲ့ဆက်ပြီးရှင်သန်ခဲ့တဲ့ ကျနော်တို့မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီလိုလားတဲ့ လှုပ်ရှားမှုအရှိန်အဟုန်တွေကြောင့် နဝတ အာဏာပိုင်တွေက သူတို့ဟာ ပါတီစုံဒီမိုကရေစီစံနစ်ကို ဦးတည်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကတိတွေနဲ့အတူ နိုင်ငံရေးပါတီတွေ ဖွဲ့စည်းခွင့်ပြုခဲ့ရတယ်။ နောက်ဆုံးမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတရပ်ကို ကျင်းပပေးပါမယ်ဆိုတဲ့ ကတိအရ ၁၉၉၀ပြည့်နှစ် မေလ (၂၇) ရက်နေ့မှာ နှစ်ပေါင်းသုံးဆယ် အတွင်း ပထမဦးဆုံးသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးပေါ်ပေါက်လာခဲ့ရပြီး ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဟာ ပြည်သူတွေရဲ့ တခဲနက်မဲပေးရွေးချယ်တင်မြောက်မှုကို ရရှိနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ်မေလ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တရားမျှတလွတ်လပ်တဲ့ ရွေးကောက်ပွဲတခုအဖြစ် ကမ္ဘာသိကြေညာခဲ့သလို၊ ရွေးကောက်ပွဲမှာအနိုင်ရတဲ့ နိုင်ငံရေးပါတီကို အာဏာလွှဲပေးပြီးရင် စစ်တပ်ကတော့ စစ်တန်းလျားကို ပြန်သွားရုံပဲဖြစ်တယ်ဆိုတဲ့ ကတိစကားတွေကိုလည်း နဝတခေါင်းဆောင်တွေကပဲ လူသိရှင်ကြားပေးခဲ့ကြပေမဲ့ တကယ်တန်း ပြည်သူတွေက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အပြတ်အသတ် မဲပေးရွေးချယ်ခဲ့တဲ့အခါမှာတော့ ပေးထားတဲ့ကတိစကားတွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ကြပြန်တယ်။ ပြည်သူ့လွှတ်တော်တရပ်ကို ရွေးကောက်ပွဲရလာဒ်တွေနဲ့အညီ ခေါ်ပေးရမဲ့အစား ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို အကြောင်း အမျိုးမျိုးနဲ့ဖမ်းဆီး၊ ရုံးတွေကို အဓမ္မပိတ်၊ အဖွဲ့ချုပ်နဲ့တကွ လှုပ်ရှားမှုတခုလုံးအပေါ်မှာပါ ဖိနှိပ်ချုပ်ချယ် ကန့်သတ်ဟန့်တားမှုတွေ ပိုပိုပြီးလုပ်လာတဲ့အခါမှာ ဆက်ပြီးသည်းမခံနိုင်တဲ့အဆုံး ကျနော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ မြန်မာပြည်လွတ်မြောက်နယ်မြေကို ထွက်လာခဲ့ကြပြီး မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB) နဲ့ အဖွဲ့ချုပ်အဖွဲ့ဝင် တိုင်းရင်းသားတော်လှန်ရေးအင်အားစုတွေ၊ ရှစ်လေးလုံးမျိုးဆက်တွေနဲ့ ဖွဲ့စည်းထူထောင်ခဲ့တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) အပါအဝင် ဒီမိုကရေစီအင်အားစုတွေအားလုံးရဲ့ နွေးထွေးတဲ့ကြိုဆိုမှုတွေ အဘက်ဘက်က ထောက်ခံအားပေးကူညီမှုတွေအရ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ (၁၈) ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ပေါ်ထွန်းလာခဲ့ရတာ ခုဆိုရင် (၁၅) နှစ်ရှိခဲ့ပြီဖြစ်ပါတယ်။

ကျနော်အလေးအနက်ထားပြောချင်တာကတော့ ၁၉၉၀ ပြည့်နှစ် မေလ (၂၇) ရက်နေ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးသာမက ကျနော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရသည်ပင်လျှင် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ အကျိုးဆက်တွေအဖြစ်

ပေါ်ထွန်းလာခဲ့ရတာဖြစ်တယ်ဆိုတာဖြစ်ပါတယ်။ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးသာ မပေါ်ပေါက်ခဲ့ရင် ၁၉၉၀ ပြည့်နှစ် မေလ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုတာ ရှိခဲ့မှာမဟုတ်သလို ကျနော်တို့ရဲ့ အမျိုးသားညွန့်ပေါင်းအစိုးရ ဆိုတာလည်း ရှိခဲ့မှာမဟုတ်ပါဘူး။

ရှစ်လေးလုံးအရေးတော်ပုံကို နဝတက အကြမ်းဖက်နှိမ်နင်းပြီး အာဏာသိမ်းခဲ့တဲ့နောက် နယ်စပ်ဒေသတွေကိုထွက်ခွါလာခဲ့ကြပြီး တိုင်းရင်းသား အင်အားစုတွေနဲ့ လက်တွဲ ဆက်လက်တိုက်ပွဲဝင်ခဲ့ကြတဲ့ ရှစ်လေးလုံးမျိုးဆက် ကျောင်းသားကျောင်းသူလူငယ်တွေ၊ ရဲဘော်ရဲဘက်တွေရဲ့ သွေးနဲ့ချွေးနဲ့ ရင်းပြီး ပူးပေါင်းဆောင်ရွက်ခဲ့မှုတွေကြောင့်လည်း ကျနော်တို့တိုင်းပြည်လို တိုင်းရင်းသားလူမျိုးပေါင်းစုံ စုဝေးနေထိုင်ကြ၊ စုဝေးပိုင်ဆိုင်ကြတဲ့ မြန်မာနိုင်ငံမှာ အင်မတန်မှအလေးထားကြရမဲ့ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးနဲ့ အချင်းချင်းအပြန်အလှန် လေးစားနားလည် အသိအမှတ်ပြုမှုတွေဟာ အရင်က ထက်စာရင် မနှိုင်းယှဉ်သာလောက်အောင် တိုးတက်ရရှိခဲ့တယ်ဆိုတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။

အဲဒီလို ကြီးမားတဲ့ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းအလှည့်အပြောင်းကြီးတွေကို မွေးဖွါးပေးလိုက်တဲ့ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ (၁၇) နှစ်မြောက်နှစ်ပတ်လည်နေ့မှာ ကျနော်တို့အားလုံးလိုလားကြတဲ့ မွေးရာပါ အခြေခံလူ့အခွင့်အရေးတွေ၊ ဒီမိုကရေစီအခွင့်အရေးတွေကို အပြည့်အဝအာမခံမဲ့ ပြည်ထောင်စုတခုအဖြစ် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းစွာတောင်းဆိုတိုက်ပွဲဝင်ရင်း၊ ပန်းတိုင်မရောက်ခင်မှာ စစ်အာဏာရှင်တွေရဲ့ ရက်စက်တဲ့ အကြမ်းဖက်ပစ်ခတ်နှိမ်နင်းမှုကြောင့် အသက်ပေးသွားခဲ့ကြရတဲ့ လူမျိုးပေါင်းစုံ ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်၊ ရဟန်းရှင်လူတွေကို ဒီမိုကရေစီ အာဇာနည်၊ လူ့အခွင့်အရေး အာဇာနည်တွေအဖြစ် အလေးအနက်အသိအမှတ်ပြုရင်း ကျနော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက ရဲဘော်ရဲမေတို့အားလုံးနဲ့အတူ လေးစားစွာ ဦးညွှတ်အလေးပြုလိုက်ပါတယ်။

တဆက်ထဲမှာပဲ ဒီကနေ့အထိ စစ်အာဏာရှင်တွေရဲ့ အကျဉ်းထောင်တွေအတွင်းမှာ၊ တောတွေတောင်တွေထဲမှာ၊ ပြည်တွင်းပြည်ပ ကျရာနေရာ အနှံ့ အပြားမှာ အခက်အခဲအကြပ်အတည်းပေါင်းစုံကို ခါးစည်းခံရင်း ပြတ်သားရဲရင့်ခိုင်မာတဲ့ ရှစ်လေးလုံးစိတ်ဓါတ်၊ သစ္စာနဲ့ ဇွဲသတ္တိတွေ၊ စွန့်လွှတ်အနစ်နာ ခံမှုတွေနဲ့အတူ အနိုင်မခံအလံမလှဲ ဆက်လက်တိုက်ပွဲဝင်နေကြဆဲဖြစ်တဲ့ လူထုခေါင်းဆောင်တွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြန်မာအမျိုးကောင်း သမီး၊ အမျိုးကောင်းသားတွေအားလုံးကိုလည်း ကျနော်တို့ရဲ့ ဒီမိုကရေစီသူရဲကောင်းတွေ၊ လူ့အခွင့်အရေးသူရဲကောင်းတွေအဖြစ် လေးစားစွာ ဦးညွှတ်အလေး ပြုရင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါတယ်။

ဒီမိုကရေစီရဲဘော်၊ ရဲမေအပေါင်းတို့ ... ...

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးကတည်းကနေ ဒီမိုကရေစီခရီးကြမ်းကို လျှောက်လှမ်းလာခဲ့ကြတာ (၁၇) နှစ် ရှိလာပြီဆိုတော့ ပန်းတိုင်ရောက်ဖို့ (၁၇) နှစ်တာခရီး ပိုပြီးနီးလာပြီလို့ တဖက်မှာပြောလို့ရပေမယ့် ပြည်သူတွေရဲ့ဆန္ဒဖြစ်တဲ့ ၁၉၉၀ ပြည့်နှစ် မေလ ရွေးကောက်ပွဲကြီးရဲ့ရလာဒ်တွေကို အကောင် အထည်ဖော်နိုင်ခြင်းမရှိသေးသလို ကျနော်တို့အားလုံးက လေးစားအားထားကြတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့နေအိမ်မှာ အကျယ်ချုပ် ဘဝနဲ့ လွတ်လပ်ခွင့်တွေ ဆက်လက်ပိတ်ပင်ခံနေရဆဲဖြစ်ပြီး ဒီမိုကရေစီခေါင်းဆောင်တွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ ရာနဲ့ချီတဲ့ နိုင်ငံရေး အကျဉ်းသားတွေလည်း စစ်အကျဉ်းထောင်တွေမှာ ရှိနေသေးတာ၊ ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် နိုင်ငံရေး ပါတီတွေဟာလည်း လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ပိုင်ခွင့်တွေ လုံးဝမရှိဘဲ စစ်အာဏာပိုင်တွေရဲ့ မတရားဖိနှိပ် ခြိမ်းခြောက်ပိတ်ပင်မှုတွေအောက်မှာ ခေါင်းငုံ့ရပ်တည်နေကြရတာတွေကို ကြည့်မယ်ဆိုရင် ကနေ့မြန်မာပြည်မှာ နိုင်ငံရေးလွတ်လပ်ခွင့်တွေ လုံးဝမရှိသေးဘူးဆိုတာ အင်မတန်မှပဲ ရှင်းပါတယ်။

မြန်မာပြည်သူအများစုကြီးအနေနဲ့လည်း တည်ငြိမ်မှုနဲ့တန်ဘိုးမဲ့နေတဲ့ ငွေကြေးစံနစ်၊ အဆမတန်မြင့်မားတဲ့ ငွေကြေးဖောင်းပွမှုနှုန်း၊ ခေါင်ခိုက်နေတဲ့ ကုန်ဈေးနှုန်း၊ မတန်တဆပေးနေရတဲ့ သားသမီးတွေရဲ့ ပညာသင်ကြားရေးစရိတ်တွေ၊ ဝင်ငွေနဲ့ထွက်ငွေမမျှတမှုတွေ၊ ဘဝလုံခြုံမှုနဲ့ အာမခံချက်ကင်းမဲ့မှုတွေနဲ့ လုံးထွေးရစ်ပတ်ပြီး အထွေထွေနိမ့်ကျဆင်းရဲကြပ်တည်းမှုတွေအောက်မှာ ဝေဝေဝါးဝါးနဲ့ အသက်ရှင်ရပ်တည်နိုင်ဖို့ ရုန်းကန်နေကြရတဲ့အချိန်မှာ ဖောက်ပြန် နေတဲ့ လက်တဆုပ်စာ အာဏာရှင်စစ်ဗိုလ်ချုပ်ကြီးတွေနဲ့ သူတို့ရဲ့မိသားစုတွေ၊ လက်ဝေခံလူနည်းစုတွေကတော့ သန်းကြွယ်သူဌေးကြီးတွေလို အရာရာ မှာပြည့်စုံပြီး အစွမ်းကုန်သုံးဖြုန်းပျော်ပါးနေနိုင်ကြတာဟာလည်း ကနေ့မျက်မှောက်မြန်မာပြည်ရဲ့ ပကတိအခြေအနေမှန်တွေပဲဖြစ်ပါတယ်။

ဒီလိုစည်းစိမ်ချမ်းသာတွေနဲ့ နိုင်ငံရေးအာဏာတွေကို တရားဝင်ရေရှည်ချုပ်ကိုင်သွားနိုင်ဖို့ ဆိုတဲ့ဦးတည်ချက်တွေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နဲ့တကွ ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီတွေ၊ ပြည်သူ့ကိုယ်စားလှယ်တွေကို တမင်ချန်လှပ်ပြီး သူတို့အလိုကျ လက်ညှိုးထောင်ခေါင်းညိတ်ကြမယ့် ကိုယ်စားလှယ်တွေသာ တက်ရောက်တဲ့ အတုအယောင်အမျိုးသားညီလာခံတရပ်ကနေတဆင့် အားထုတ်ကြိုးပမ်းနေတယ် ဆိုတာကိုလည်း အားလုံး အသိပဲဖြစ်ပါတယ်။

ဒီလို အဘက်ဘက်က တနေ့တခြားပိုပိုပြီးဆိုးဝါးလာနေတဲ့ ကျနော်တို့တိုင်းပြည်အနေနဲ့ ဒီအခြေအနေဆိုးတွေကနေ လွတ်မြောက်ပြီး လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုစတဲ့ လောကပါလတရားတွေ ထွန်းကားတဲ့ ဒီမိုကရေစီပြည်ထောင်စုသစ်ကြီးအဖြစ် ပြန်လည်တည်ဆောက်နိုင်ဖို့ဆိုတာ နိုင်ငံ တကာရဲ့ ဒီ့ထက်ပိုပြီးထိရောက်တဲ့ လက်တွေ့ကျတဲ့ ထောက်ခံအားပေးကူညီမှုတွေရရှိဖို့ လိုအပ်ပေမဲ့ လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျားမ မရွေး၊ ဒီမိုကရေစီ နဲ့လွတ်လပ်ခွင့်တွေကို လိုလားကြတဲ့၊ ပြည်တွင်းပြည်ပမှာရှိနေကြတဲ့ မြန်မာနိုင်ငံသားတိုင်းက စုစုစည်းစည်းညီညီညွှတ်ညွှတ် ဇွဲသတ္တိရှိရှိနဲ့ လက်တွဲတိုက်ပွဲ ဝင်သွားကြမှသာ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ကြမယ်လို့ ကျနော်တို့အနေနဲ့ အလေးအနက်ခံယူပါတယ်။

အဲဒီလို ခံယူထားတာနဲ့အညီ ကျနော်တို့ရဲ့ သိစိတ်တွေ၊ မသိစိတ်တွေမှာ ကြွင်းကျန်နေသေးတဲ့၊ မလိုလားအပ်တဲ့ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပါတီစွဲ အစရှိတဲ့ အစွဲတရားတွေကို ခဝါချသန့်စင်ကြမယ်၊ မြန်မာနိုင်ငံသားချင်း အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ အသိအမှတ်ပြုမှုတွေနဲ့အတူ ဒီမိုကရေစီ ပန်းတိုင်မရောက်မချင်း အားလုံးအခိုင်အမာလက်တွဲပြီး ဆက်လက်တိုက်ပွဲဝင်သွားကြမယ်လို့ သံဓိဋ္ဌာန်ပြုကြရင်းနဲ့ ရှစ်လေးလုံး အရေးတော် ပုံကြီးနဲ့တကွ (၁၇) နှစ်တာ ဒီမိုကရေစီတိုက်ပွဲကာလအတွင်းမှာ အသက်ပေးသွားခဲ့ကြတဲ့ ကျနော်တို့ရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအာဇာနည်တွေ၊ စစ်အာဏာရှင်တွေရဲ့ အကျဉ်းစံဘဝမှာတောင် အလံမလှဲ ဆက်လက်တိုက်ပွဲဝင်နေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး သူရဲကောင်းတွေအပေါ်မှာ သစ္စာ စောင့်သိမှုကိုပြကြပါစို့လို့ အလေးအနက်တိုက်တွန်းရင်း ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီး (၁၇) နှစ်မြောက် အထိမ်းအမှတ်သဝဏ်လွှာကို လေးစား ချစ်ကြည်စွာ ပေးပို့လိုက်ပါတယ်။

ဒီမိုကရေစီ မုချရရမည်။

ချစ်ကြည်လေးစားစွာနဲ့

(ဒေါက်တာစိန်ဝင်း)

ဝန်ကြီးချုပ်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

# မြန်မာနိုင်ငံပြည်သူလူထုအား ဏာတွယ်စောင့်ရှောက်ရန် ကုလသမဂ္ဂအား တိုက်တွန်းတောင်းဆိုကြ

ဩဂုတ် ၃၊ ၂၀၀၅

## "ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး" (၁၇) နှစ်မြောက် အကြိုကာလတွင် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၏ တိုက်တွန်းနှိုးဆော်ချက်

စစ်အာဏာရှင်များထံမှ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရေးအတွက် မြန်မာနိုင်ငံ ပြည်သူလူထုတရပ်လုံးသည် "ရှစ်လေးလုံး ဒီမိုက ရေစီအရေးတော်ပုံကြီး" ဆင်နွှဲ၍ တောင်းဆိုခဲ့ကြ သည်မှာ (၁၇) နှစ်ပင် ကြာခဲ့ပြီဖြစ်သည်။ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးအတွင်း ငြိမ်းချမ်းစွာ ပါဝင် ဆန္ဒထုတ်ဖော်ပြသခဲ့ကြသည့် ထောင်ပေါင်း များစွာသော ပြည်သူတို့သည် စစ်အာဏာရှင် အုပ်စု၏ လူမဆန်စွာ ပစ်ခတ်ချေမှုန်းမှုအောက် တွင် သူရဲကောင်းပီသစွာ အသက်များစွန့်လွှတ် ခဲ့ကြသည်။ သို့သော် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ သူရဲကောင်းတို့၏ စိတ်ကူးမျှော် မှန်းချက်ဆန္ဒများကို ယခုထက်တိုင် မဖြည့်ဆည်း နိုင်ပဲရှိနေသေးသည်။ အရေးတော်ပုံကြီးအတွင်း ကျဆုံးခဲ့ကြကုန်သော သူရဲကောင်းတို့၏ စိတ်ကူး အိပ်မက်မျှော်မှန်းချက်တို့ကို အကောင်အထည် ဖော်ပေးရန်တာဝန်မှာ ယနေ့ပြည်သူလူထု၏ပုခုံး ထက်တွင် ကျရောက်နေပေသည်။ သူရဲကောင်းတို့၏ တောင်းဆိုသံကို နိုင်ငံတကာပြည်သူတို့ သိရှိကြား မြင်လာအောင် ပြုလုပ်ပေးရန်မှာလည်း ယနေ့ ပြည်သူတို့၏ တာဝန်ပင်ဖြစ်ပေသည်။

ယနေ့မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အသွင် ကူးပြောင်းရေးအခြေအနေမှာ ရှေ့သို့မတိုးနိုင်ဘဲ ရပ်ဆိုင်းနေပေသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး အစီအစဉ်မှာလည်း မကြာမီအန္တရာယ်ကျရောက် တော့မည့် နိမိတ်လက္ခဏာများ တွေ့နေရပေ သည်။ မြန်မာနိုင်ငံသည် အလုံးစုံပျက်သုဉ်းရေး ချောက်နှုတ်ခမ်းဝသို့ ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှု၊ ကျန်းမာရေး စောင့်ရှောက်မှု ညံ့ဖျင်းမှု၊ ပညာရေးအဆင့်အတန်း နိမ့်ကျမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု အခြေအနေ ယိုယွင်းကျဆင်းလာမှုနှင့် လူမှုဘဝအခြေအနေ မလုံခြုံသည့်ခံစားမှု စသည့်အခြေအနေအရပ်ရပ်ကို ကယ်တင်ကုစားရေးအတွက် လုပ်ငန်းစဉ်တရပ် ချမှတ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

ကျွန်ုပ်တို့၏ စိုးရိမ်သောကများ မြင့်မားလာ စေရန် ညွှန်ပြနေသော လက္ခဏာချက်များမှာ –

★ ခြိမ်းခြောက်မှု၊ နှောက်ယှက်ဟန့်တားမှု၊ နိုင်ငံရေးအကြောင်းခံဖြင့် ဖမ်းဆီးမှု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များအပေါ် ကန့်သတ်ချုပ်ချယ်မှု ပြုလုပ်နေမှုများ တိုးတက်များပြားလာနေခြင်း။ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား (၁၁၀၀) ခန့်သည် ဆိုးရွားကြမ်းတမ်းသော အကျဉ်းထောင်များအတွင်း၌ ရက်ရက်စက်စက် လူမဆန်စွာပြုမူ ဆက်ဆံခြင်းခံနေရသည်ဟု အစီရင်ခံထားသည့်အချက်။

★ အမျိုးသားညီလာခံတွင် တိုင်းရင်းသားအပစ်အခတ်ရပ်စဲရေးအဖွဲ့များက တင်ပြထားသော ပြည်ထောင်စုအခြေခံမူများကို ပယ်ချခဲ့ခြင်းနှင့် စစ်အုပ်စုက ရှမ်းတိုင်းရင်းသားခေါင်းဆောင်များအား ဖမ်းဆီးခဲ့သည့်အတွက် ပြည်တွင်းစစ်မီးပြန်လည်တောက်လောင်လာမည့် နိမိတ်လက္ခဏာအသစ်များ တွေ့လာရသည့်အချက်။

★ တိုင်းရင်းသားလူမျိုးစုများ၏ နယ်မြေဒေသများတွင် နအဖစစ်တပ်များ ဖြန့်ကျက်တပ်စွဲမှုတိုးများလာ၍၊ ရပ်သူရွာသားများအပေါ် နှိပ်စက် ညှဉ်းပန်းမှုများပိုမိုများပြားလာသဖြင့် လူအများအပြား အုပ်စုလိုက် ရပ်ရွာများကို စွန့်ခွာထွက်ပြေးရခြင်း၊ အိမ်နီးချင်းနိုင်ငံများအတွင်းသို့ ဒုက္ခသည်များအဖြစ် ထွက်ပြေးခိုလှုံရခြင်း အစရှိသည့်အချက်။

★ စစ်ထောက်လှမ်းရေး အကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ရာပေါင်းများစွာသော ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များအား ဖြုတ်ထုတ် ဖမ်းဆီးမှုများကြောင့် မြန်မာ့ကာကွယ်ရေးတပ်ဖွဲ့များအကြား တင်းမာမှုများတိုးပွားလာပြီး၊ မေလ (၇) ရက် ရန်ကုန်ဗုံးကွဲမှုကဲ့သို့သော အကြမ်းဖက်မှုများ ထပ်မံဖြစ်ပွားလာဖွယ် လက္ခဏာများတွေ့မြင်နေရသည့်အချက်။

★ စီးပွားရေးပျက်စီးယိုယွင်းမှုအခြေအနေ အလျင်အမြန်ဖြစ်ပွားနေသဖြင့် မြန်မာတနိုင်ငံလုံး လူဦးရေ၏ (၇၅) ရာခိုင်နှုန်း ဆင်းရဲမွဲတေမှုဒုက္ခ ခံစားနေရသည့်အချက်။

★ အစားအသောက်ရှားပါးလာမှုပြဿနာကြီးမားလာ၍ ကလေးသူငယ်များအကြား အာဟာရချို့တဲ့မှုကို သိသာထင်ရှားစွာတွေ့မြင်လာရပြီး၊ အသက် (၅) နှစ်အောက် ကလေးငယ် (၃) ဦးအနက် တဦးမှာ အာဟာရချို့တဲ့သည့်ဝေဒနာခံစားနေရသည့်အချက်။

★ အမျိုးသမီးများနှင့် ကလေးသူငယ်များ ရောဂါဝေဒနာခံစားရမှု သိသာထင်ရှားစေသည့် အညွှန်းကိန်းများကို အောက်ပါအတိုင်း တွေ့ရပါသည်။

- မွေးစကလေး ဖွားသေနှုန်း – ၁၀၀၀ တွင် ၇၆ ယောက်သေသည်။
- ငါးနှစ်အောက် ကလေးသေနှုန်း – ၁၀၀၀ တွင် ၁၀၇ ယောက်သေသည်။
- ကလေးမီးဖွားစဉ် မိခင် သေနှုန်း – ၁၀၀,၀၀၀ တွင် ၃၆၀ ယောက်သေသည်။ (၂၀၀၀ ပြည့်နှစ်)
- ကလေးစစ်သား – ၇၀, ၀၀၀

★ တိုင်းရင်းသားနယ်မြေဒေသများတွင် မြန်မာစစ်ဗိုလ်စစ်သားများက တိုင်းရင်းသူအမျိုးသမီးများအား အဓမ္မပြုကျင့်မှုများဆက်လက် ဖြစ်ပွားနေသည်ကို မှတ်တမ်းအထောက်အထားများနှင့် တွေ့နေရသည်။ 'မုဒိမ်းလိုင်စင်'(ရှမ်းအမျိုးသမီးအဖွဲ့)၊ 'ဆိတ်ငြိမ်မှုကို ဖြိုခွဲခြင်း' (ကရင်အမျိုးသမီးအဖွဲ့)၊ 'စစ်တန်းလျားတွင် ကိုယ်ဟန်ပြရခြင်း' (မွန်ဒေသ လူ့အခွင့်အရေးအဖွဲ့) စသည့် အစီရင်ခံစာများတွင် နအဖစစ်တပ်၏ အဓမ္မကျူးလွန်မှုများကို မှတ်တမ်းပြုထားသည်ကို တွေ့ရသည့်အချက်။

★ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းသည့်ရောဂါ **(HIV)** ထိမ်းမနိုင်သိမ်းမရဖြစ်လာနေပြီး၊ အိမ်နီးချင်းနိုင်ငံများသို့ ရောဂါပြန့်ပွားစေသည့် ပင်မနေရာဌာနဖြစ်လာနေခြင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသား ၁ ဒသမ ၃ ရာခိုင်နှုန်းတွင် **(HIV)** ရောဂါကူးစက်နေသည့်အချက်။

★ အကန့်အသတ်မရှိ သစ်ပင်များခုတ်လှဲနေမှုကြောင့် အလျင်အမြန် သစ်တောပြုန်းတီးလာနေပြီး၊ အကျိုးဆက်အဖြစ် ရေကြီးမှု၊ မြေပြိုမှု၊ သဘာဝပတ်ဝန်းကျင် ပျက်သုဉ်းမှုများဖြစ်ပေါ်ကာ အပူလှိုင်းများ ပေါ်ပေါက်လာနေသည့်အချက်။

အထက်တွင် ဖော်ပြခဲ့သည့်အချက်များကို ထောက်ရှုလျှင် မြန်မာပြည်တွင်း၌ တည်ဆောက်နေသည်ဆိုသော အမျိုးသားပြန်လည်သင့်မြတ်ရေးသည် ဖြစ်မြောက်မည့် အလားအလာမရှိပါ။ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်နှင့် သူ၏ မြန်မာနိုင်ငံဆိုင်ရာအထူးသံတို့အား အာဏာလက်ရှိ မြန်မာစစ်ဗိုလ်ချုပ်များသည် ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြသည်။ ထို့ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် အချိန်ကျရောက်ပြီဖြစ်ပါသည်။

သို့ဖြစ်၍ "ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ" (၁၇) နှစ်မြောက်ချိန်တွင် မြန်မာနိုင်ငံကို ချစ်မြတ်နိုးကြသော မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့နှင့်တကွ ကမ္ဘာတဝှမ်းရှိ မြန်မာ့မိတ်ဆွေအပေါင်းတို့အား တိုက်တွန်းလိုသည်မှာ၊ 'ကုလသမဂ္ဂလုံခြုံရေးကောင်စီ' အနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းပေးပါရန် စုပေါင်းလက်မှတ်ရေးထိုး တိုက်တွန်းတောင်းဆိုသည့် လှုပ်ရှားမှု (Signature

Campaign) တစ်ခုဆင်နွှဲကြရန်ဖြစ်ပါသည်။ ထို့ပြင် မြန်မာပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများရှာဖွေကြရန်လည်း တိုက်တွန်းအပ်ပါသည်။

စာများကိုပေးပို့ရာတွင် မြို့တော်များရှိ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအသီးသီး၏ သက်ဆိုင်ရာသံရုံးများထံလိပ်မူ၍ ပေးပို့ကြရန်ဖြစ်ပါသည်။ ❖

---

# NCGUB နှိုးဆော်စာနှင့်ပတ်သက်၍ ဒေါက်တာသောင်းထွန်းနှင့် တွေ့ဆုံမေးမြန်းချက်

***ပြီးခဲ့သည့် ဇူလိုင်လ လာအို နိုင်ငံဗီယင်ကျန်းမြို့ အာဆီယံ အစည်းအဝေးတွင် နအဖစစ် အစိုးရ သိက္ခာကျ အရေးနိမ့်ခဲ့ရသည့်ဖြစ်ရပ်နောက်တွင် သံတမန်ရေးစစ်မျက်နှာမှနေ၍ ဆက်တိုက် ဖိအား တိုးမြှင့်ပေးနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက ဩဂုတ်လ ၃ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မြန်မာ့အရေးအတွက် လက်မှတ်ရေးထိုးတောင်းဆိုရန် နှိုးဆော်စာ တစောင် ထုတ်ပြန်ခဲ့သည်။***

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိအောင် စေ့စပ်ဆွေးနွေးညှိနှိုင်းပြီး လုပ်ဆောင်ဖို့အချိန် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဤသို့ ကြိုးပမ်းအားထုတ် လုပ်ဆောင်ခြင်းမရှိလျှင် မြန်မာနိုင်ငံသည် အလွန်ဆိုးရွားသည့် အခြေအနေသို့ ရောက်ရှိသွားနိုင်ကြောင်း ယင်းနှိုးဆော်စာတွင် သတိပေးထားပါသည်။ ယင်းနှိုးဆော်စာထုတ်ပြန်ရသည့် ရည်ရွယ်ချက်နှင့် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး၊ NCGUB ကုလသမဂ္ဂရေးရာရုံးကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက ယခုလိုပြောသည်။

“***ကမ္ဘာတဝှမ်းမှာရှိတဲ့ ကျနော်တို့ တိုင်းချစ်ပြည်ချစ် ဗမာပြည်ဖွားပုဂ္ဂိုလ်တွေ၊ ကျနော်တို့ရဲ့ မိတ်ဆွေတွေကို လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေဆီ စာရေးပြီးတော့ ဗမာပြည်ကိစ္စ ကိုင်တွယ်ဆောင်ရွက်ကြဖို့၊ တိုက်တွန်းကြဖို့ဆိုပြီး ကျနော်တို့အနေနဲ့ နှိုးဆော်စာထုတ်လိုက်တာဖြစ်ပါတယ်။*** နောက်တခုက ဒီလှုပ်ရှားမှုကို အကောင်အထည်ဖော်တဲ့နေရာမှာ ဗမာပြည်ရဲ့ လက်ရှိအရေးပေါ်အခြေအနေကို ကမ္ဘာတဝှမ်းမှာရှိတဲ့ မြို့အသီးသီးမှာ ဒီလှုပ်ရှားမှုကြီးကို လုပ်ကြမယ်၊ လက်မှတ်စုဆောင်းတာတွေ လုပ်ကြမယ်၊ သတင်းစာရှင်းလင်းပွဲတွေ လုပ်ကြမယ်၊ ဒီအရေးပေါ်အခြေအနေတွေကို သက်ဆိုင်ရာ၊ နိုင်ငံရေးဖက်ဆိုင်ရာ၊ လွှတ်တော်အမတ်တွေ၊ ဒါတွေကို ရှင်းလင်းပွဲတွေလုပ်ကြမယ်ဆိုလို့ရှိရင်၊ ဗမာပြည်ရဲ့ လူထုရင်ဆိုင်နေရတဲ့ ကနေ့ အရေးပေါ်အခြေအနေတွေကို ကမ္ဘာတဝှမ်းကနေ ပိုပြီးတော့သိလာဖို့လည်း ကျနော်တို့ရည်ရွယ်ပါတယ်။”

နိုင်ငံတကာက ဘယ်လိုဆက်လက်ဆောင်ရွက်နိုင်မလဲ ဟူသော မေးခွန်းများနှင့်ပတ်သက်ပြီး ဒေါက်တာသောင်းထွန်းက သူ့အမြင်ကို RFA သို့ ယခုလိုပြောပြသည်။

“အဲဒီအပိုင်းမှာ ကျနော်တို့ ဒီမှာ အကြံပြုထားတာကတော့၊ ကျနော်တို့ ဒီမိုကရေစီရေးကိစ္စ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စ၊ ဒါတွေကို ကျနော်တို့ ကုလသမဂ္ဂအထွေထွေညီလာခံနဲ့ လူ့အခွင့်အရေး ကော်မရှင်ကနေတဆင့် ကျနော်တို့တင်ပြခဲ့တာတွေပဲ ဆယ်စုနှစ်တခုကျော်ခဲ့ပြီ။ နောက် ကျနော်တို့ ဗမာပြည်နဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်တွေဟာလည်း ဒါဇင်နဲ့ချီပြီးတော့ရှိခဲ့ပြီ။ အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင်လည်း သူ့ရဲ့အထူးကိုယ်စားလှယ်ကနေတဆင့် တွေ့ဆုံဆွေးနွေးရေးတွေ ဖြစ်ပေါ်ဖို့ ကြိုးပမ်းခဲ့ပြီးပြီ။ ဒါပေမဲ့လို့ ကနေ့ UN ရဲ့လုပ်ဆောင်ချက်တွေဟာ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီ လက်ရှိတပ်မတော်က အာဏာပိုင်ပုဂ္ဂိုလ်တွေ၊ ခေါင်းဆောင်တွေက ပူးပေါင်းဆောင်ရွက်မှုမရှိဘူး၊ မရှိတဲ့အခါမှာ နိုင်ငံတကာအနေနဲ့ ရှေ့တလှမ်းတိုးဖို့လိုတယ်။”

***အာအက်ဖ်အေ။*** ။ မြန်မာပြည်မှာ တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာတွေအတွက် ကြိုးပမ်းချက်တွေကို ထင်ထင်ရှားရှားမတွေ့ရဘူးဆိုတဲ့ ဝေဖန်ချက်တွေရှိနေပါတယ်။ အဲဒီအပေါ်မှာ ဒေါက်တာသောင်းထွန်းအနေနဲ့ ဘယ်လိုယူဆပါသလဲခင်ဗျား။

***ဒေါက်တာသောင်းထွန်း။*** ။ ဗမာပြည်မှာ တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လမ်းကြောင်းကနေပြီးတော့၊ ကနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးလမ်းကြောင်းက နည်းနည်း လွဲချော်နေတယ်။ ကျနော်တို့ အမျိုးသားပြန်လည် သင့်မြတ်ရေးက ရှေ့ကိုတိုးတက်တာမဟုတ်ဘဲနဲ့၊ နောက်ကြောင်းပြန်ဆုတ်နေတဲ့ သဘော တွေ ဖြစ်နေတယ်။ ဖြစ်တဲ့အခါမှာ အဓိကက ဒီနိုင်ငံရေးအရ အဖြေတွေမတွေ့တာ၊ အဖြေရှာမတွေ့နိုင်တာ၊ လောလောဆယ် တိုင်းရင်းသားတွေနဲ့ တင်းမာမှုတွေဖြစ်နေတာ၊ ရှမ်းခေါင်းဆောင်တွေကို ဖမ်းဆီးပြီးတဲ့နောက်ပိုင်းမှာ၊ မြောက်ပိုင်းရှမ်းပြည် အမျိုးသားတပ်မတော် တောခိုသွားပြီးတော့၊ အခုဆိုရင် ပြည်တွင်းစစ်တွေ ပြန်ဖြစ်လာမယ့် စစ်ရိပ်စစ်ငွေ့တွေ ပိုသန်းနေတဲ့ ကိစ္စတွေပေ့ါနော်။

***အာအက်ဖ်အေ။*** ။ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်း ပေါ်ရောက်အောင် ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ ဘယ်လိုဘယ်ပုံ ပူးပေါင်းလုပ်ဆောင်မှာလဲခင်ဗျား။

***ဒေါက်တာသောင်းထွန်း။*** ။ ဆိုတော့ . . . အဲဒီဟာကို UN နဲ့ ပြန်လည်ပူးပေါင်း ဆောင်ရွက်ပြီးတော့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းကို တွေ့ဆုံဆွေးနွေးရေးနည်းနဲ့ ရှာဖို့ဆိုတာ၊ ကျနော်တို့ ... အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က မေတ္တာရပ်ခံနေရုံနဲ့မရဘူး။ UN ရဲ့ အမြင့်ဆုံး အာဏာပိုင်တွေဖြစ်တဲ့ လုံခြုံရေးကောင်စီက တိုက်တွန်းဖို့ လိုအပ်နေတဲ့အချိန်ဖြစ်တယ်။ လုံခြုံရေး ကောင်စီက ဗမာပြည်သူလူထုကို အကာအကွယ်ပေးဖို့ အချိန်တန်နေပြီ။ လုံခြုံရေးကောင်စီဆိုတာ UN ရဲ့ ပဋိညာဉ်စာတမ်းကိုရအောင်အကောင်အထည်ဖော်နိုင်တဲ့၊ အခွင့်အာဏာပေးအပ်ထားတဲ့ ကျနော်တို့ အဖွဲ့အစည်းဖြစ်တယ်လေ။

စာမျက်နှာ (၈) ကော်လံ (၁) သို့

**လုံခြုံရေးကောင်စီအဖွဲ့ဝင်များ**

၁။ အယ်လ်ဂျီးရီးယား
၂။ အာဂျင်တီးနား
၃။ ဘီနင်
၄။ ဘရာဇီး
၅။ ဒိန်းမတ်
၆။ ဂရိ
၇။ ဂျပန်
၈။ ဖိလိပိုင်
၉။ ရူမေးနီးယား
၁၀။ တန်ဇန်းနီးယား

အမြဲတမ်းအဖွဲ့ဝင်– ဗီတိုအာဏာရှင်များ

၁၁။ တရုတ်
၁၂။ ပြင်သစ်
၁၃။ ရုရှား
၁၄။ ဗြိတိန်
၁၅။ အမေရိကန်

*စာမျက်နှာ (၇) မှ*

မယ်ဆိုလို့ရှိရင်၊ ကနေ့ UN ရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေကို၊ ရှေ့မတိုး နောက်မဆုတ်ဖြစ်တဲ့ အနေအထားကနေ ကျော်လွှားနိုင်ပြီးတော့၊ UN ဟာ ဗမာပြည်သူလူထုကို ထိထိရောက်ရောက်အကူအညီပေးလာမယ့် အနေအထားဖြစ်တယ်လို့ ကျနော်တို့မျှော်လင့်တယ်။ ❖

---

## ကုလသမဂ္ဂနှင့်မြန်မာ့ရွေးရေး

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာအာနန်ကိုယ်တိုင် မြန်မာနိုင်ငံကိုလာရောက်လည်ပတ်ရေးကိစ္စကို မြန်မာနိုင်ငံအစိုးရနှင့် သဘောတူရက်သတ်မှတ်ထားနိုင်ခြင်း မရှိသေးသလို မစ္စတာရာဇာလီအီစမေးလ် မြန်မာနိုင်ငံသို့ နောက်တကြိမ် ပြန်လာခွင့်ရမည့်အချိန်ကို မသိရဖြစ်နေသည့် အခြေ၌ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးအတွက် ကုလသမဂ္ဂတွင် ရှေ့ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ကုလသမဂ္ဂရေးရာတာဝန်ခံ ဒေါက်တာသောင်းထွန်းက ဘီဘီစီသို့ ဩဂုတ်လ (၂) ရက်နေ့၌ ယခုလို ဆွေးနွေးပြသွားသည်။

***ဒေါက်တာသောင်းထွန်း။*** ။ ပြီးခဲ့တဲ့ ဂျာကာတာမှာလုပ်တဲ့ အာရှအာဖရိက ထိပ်သီးခေါင်းဆောင်တွေအစည်းအဝေးမှာ ဗိုလ်ချုပ်သန်းရွှေကိုယ်တိုင် ကိုဖီအာနန်ကို ဗမာပြည်လာလည်မယ်ဆိုလို့ရှိရင် လာလည်ဖို့ ဖိတ်ခေါ်ပါတယ်။ ဒီအပေါ်မှာ အခြေခံထားပြီးတော့လည်း UN က အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်သော်လည်းကောင်း၊ ဒါမှမဟုတ်ရင် သူ့ရဲ့အထူးကိုယ်စားလှယ်ကိုသော်လည်းကောင်း၊ သွားရောက်ပြီးတော့ ဒီဗမာနိုင်ငံမှာ ဒီအမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စတွေကို ကြားဝင်ဆောင်ရွက်ပေးဖို့ ကြိုးပမ်းနေတာဖြစ်တယ်။ ဒါပေမဲ့ ဗီယန်ကျင်းမှာ လုပ်တဲ့အစည်းအဝေးမှာ ဗိုလ်ချုပ်ဉာဏ်ဝင်းနဲ့တွေ့ဖို့ ရာဇာလီက ကြိုးပမ်းလို့မအောင်မြင်တဲ့အခါမှာ ခုနောက်ထပ်သွားတဲ့ WFP အကြီးအကဲ မစ္စတာမောရစ်ကနေတဆင့် ကိုဖီအာနန်က ဒီ သူ့ရဲ့သဘောထားကို သတင်းပါးလိုက်တဲ့သဘောရှိပါတယ်။ အဲ့ဒီမှာ ဒီနအဖရဲ့တုံ့ပြန်မှု အပေါ်မှာ ရှေ့လာမဲ့ UN အစည်းအဝေးတွေက ဘယ်လိုမျိုးလုပ်ကြမလဲဆိုတာ ကျနော်တို့ စောင့်ကြည့်ရမှာပါ။

***ဘီဘီစီ။*** ။ အဲ့ဒီတော့ ဒီလောလောဆယ် ဖြစ်နေတဲ့အခြေအနေမှာ မြန်မာအစိုးရက ကုလသမဂ္ဂအပေါ်မှာ ဟိုသူတို့ ပျော့ပျောင်းတဲ့ပုံစံမျိုးကို မပြလာဘူးဆိုလို့ရှိရင် အခုကျင်းပမဲ့ ကုလသမဂ္ဂရဲ့ညီလာခံကျလို့ရှိရင် ဘယ်လိုများဆက်ဖြစ်လာနိုင်တဲ့ အလားအလာရှိပါသလဲခင်ဗျာ။

***ဒေါက်တာသောင်းထွန်း။*** ။ ပထမတဆင့်ကတော့ ဒီဗမာနိုင်ငံနဲ့ ပတ်သက်တဲ့ ဒီထိပ်တန်းညှိနှိုင်းမှု အစည်းအဝေးတခု ပေါ်လာဖို့မျှော်လင့်တယ်။ အဲ့ဒီအစည်းအဝေးမှာ ကျနော်တို့ ဘယ်လိုမျိုး UN ကနေပြီးတော့မှ ဆက်ပြီးတော့ ဆောင်ရွက်သင့်တယ် ဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ တိုင်ပင်မယ် ဖြစ်ပါတယ်။ ဆိုတော့ လုပ်ငန်းတွေကတော့ ကျနော်တို့ အထွေထွေညီလာခံကနေပြီးတော့မှ ဘယ်လိုမျိုးဆုံးဖြတ်ချက်ချမလဲ၊ ဒါလည်းတခုရှိသလို ကျနော်တို့ ဒီလုံခြုံရေးကောင်စီအစည်းအဝေးမှာ ကျနော်တို့ ဒီနိုင်ငံတချို့ကနေပြီးတော့မှ ဘယ်လိုမျိုး ဒီကိစ္စကို ဆက်ပြီးတော့ တင်ပြမလဲဆိုတာ၊ ဒါတွေကတော့ ဖြစ်လာမဲ့ အလားအလာတွေ ရှိပါတယ်။

***ဘီဘီစီ။*** ။ ဟုတ်ကဲ့ခင်ဗျာ။ အရင်တုံးကလည်းပဲ ကုလသမဂ္ဂဟာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်အကြိမ်ကြိမ်ချခဲ့ပြီး မြန်မာအစိုးရအပေါ်မှာ သူတို့တိုက်တွန်းခဲ့တာတွေရှိခဲ့ပြီ။ ဒါပေမဲ့ နားမထောင်တဲ့အတွေ့အကြုံတွေက ရှိခဲ့တယ်ဆိုတော့ ဒီတချိန်မှာ ကုလသမဂ္ဂအနေနဲ့ နည်းနာများ ပြောင်းဖို့များ မြင်ပါသလားခင်ဗျာ။

***ဒေါက်တာသောင်းထွန်း။*** ။ ကုလသမဂ္ဂရဲ့ ဒီလုပ်ဆောင်တဲ့ ချဉ်းကပ်တဲ့နည်းနာကတော့ အဖွဲ့ဝင်နိုင်ငံတွေရဲ့ တွန်းအားပေးမှုအပေါ်မှာ အခြေခံပြီးတော့မှ၊ သဘောတူမှုအပေါ်မှာ အခြေခံပြီးတော့မှ၊ နည်းနာတွေက ပြောင်းလဲသွားနိုင်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံတွေက ဗမာနိုင်ငံရဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး တိုးတက်ဖြစ်ထွန်းမှု မရှိတဲ့ကိစ္စ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးခေါင်းဆောင်တွေကို မလွှတ်သေးဘဲ ဆက်ပြီး ထိန်းသိမ်းထားတဲ့ကိစ္စ၊ ဒါတွေအပေါ်မှာ ပိုပြီးတော့ စိုးရိမ်မှုတွေများပြားလာတယ်။ ဒါကြောင့်မို့လို့ ဒီ UN အထွေထွေညီလာခံ ပြန်စတဲ့အချိန်မှာ ဗမာပြည်ကိစ္စဟာ အရေးပါတဲ့ အစီအစဉ်တရပ်၊ ဆွေးနွေးမှုအစီအစဉ်တရပ်၊ ဖြစ်လာမယ်လို့ ကျနော်တို့မျှော်လင့်ပါတယ်။ ❖

---

## အမျိုးသားညွန့်ပေါင်းအစိုးရ၏ တရုတ်နှင့်ရုရှအပေါ်သဘောထား



ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းကို ဗွီအိုအေက ဇူလိုင် (၃၀) ရက်နေ့ နေ့လည်ပိုင်းတွင် ယခုလို တွေ့ဆုံမေးမြန်းခဲ့ရာ . . .

***ဗွီအိုအေ။*** ။ ဒီ မြန်မာနိုင်ငံ ဒီမိုကရေစီရရှိနိုင်ဖို့အတွက်နဲ့ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံထူထောင်နိုင်ဖို့အတွက် ဒီမိုကရက်တစ် နိုင်ငံမဟုတ်တဲ့ ရုရှားနဲ့တရုတ်တို့လို နိုင်ငံတွေအပေါ်မှာ အမျိုးသားညွန့်ပေါင်းအစိုးရရဲ့ သဘောထား ပြောပြနိုင်မလားရှင်။

***ဒေါက်တာစိန်ဝင်း။*** ။ ကျနော်တို့အနေနဲ့ အများကြီးဝမ်းနည်းတယ်လေ။ ဘာကြောင့်လဲဆိုတော့ ကုလသမဂ္ဂမှာတင်တဲ့ အဆိုက ကျနော်တို့ General Assemblyပေါ့၊ အထွေထွေညီလာခံကနေပြီးတော့ ဆုံးဖြတ်ချက်တွေ အများကြီးချထားပြီးပြီ။ အခုအချိန်မှာ Security Council လို့ခေါ်တဲ့ ကုလသမဂ္ဂလုံခြုံရေးအဖွဲ့မှာ ဗမာပြည်အကြောင်းကို ဆွေးနွေးဖို့၊ နောက်ပြီးရင် အမျိုးသားရင်ကြားစေ့ရေးအတွက် ဆွေးနွေးဖို့တင်ပြတာဟာ ဒါမှန်တဲ့တင်ပြမှုဖြစ်တယ်၊ လိုအပ်တယ်လို့ မြင်တယ်လေ။ အဲဒီတော့ ဒီအပေါ်မှာ ကန့်ကွက်မှုတွေ ပေါ်လာတယ်။ ဒါကိုကျနော်တို့ အများကြီး စိတ်မကောင်းပါဘူး။ ❖

---

*စာမျက်နှာ (၁၀) ကော်လံ (၃) မှ*

၁၉၄၂ ခု ဩဂုတ်လ ၉ ရက်တွင် ဂန္ဓီနှင့်နေရူးက အိန္ဒိယလွတ်လပ်ရေးတိုက်ပွဲကို အရှိန်မြှင့်ရာ နှစ်ဦးစလုံးအဖမ်းခံခဲ့ရသည်။ ထိုအချိန်၌ မြန်မာပြည်ဘက်တွင် ဆူဘတ်ချန်ဒရာဘို့စ်၏ အိန္ဒိယအမျိုးသားတပ်မတော် အခြေစိုက်ကာ အိန္ဒိယလွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်သည်ကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာတို့က အားတက်သရော အားပေးကူညီခဲ့သဖြင့် ယခုလိုကျေးဇူးတင်အခမ်းအနားကျင်းပခြင်းဖြစ်သည်။ ❖

## စီးပွားရေးပိတ်ဆို့မှုအပေါ် သဘောထား

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗဟိုအလုပ်အမှုဆောင် ဦးလွင်က နအဖစစ်အစိုးရအပေါ် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုနှင့်ပတ်သက်ပြီး အဖွဲ့ချုပ်သဘောထားကို ဒီဗွီဘီသို့ ဩဂုတ်လ ၂၈ ရက်တွင် ယခုလို ပြောကြားသွားသည်။

"Sanction ကိစ္စတွေ ဘာတွေ၊ သူတို့ ဇာနည်လား၊ ဇာလီလား၊ အဲဒီနေ့က ဒီမှာ MI ကိုလာပြီးတော့ပြောတယ်။ အဓိကကတော့ ဒီကိစ္စတွေက သူက Sanction တွေ ဘာတွေဆိုတာ တိုင်းပြည်မှာပြဿနာဖြစ်တာက အဓိကက ဦးနေဝင်းကိုင်တွယ်တာ ညံ့ဖျင်းခဲ့တာ ဒါစတာပဲလို့။ ဒါ Sanction လုပ်လို့၊ Sanction မလုပ်လို့၊ ဒါတွေကို အခြေခံအားဖြင့် improve လုပ်ရမယ့်ဟာကို စီမံခန့်ခွဲရေးအပိုင်းက ကိုင်တွယ်တာတွေ ညံ့ဖျင်းတဲ့အခါကျတော့ ဒါ အကြွေးတင်တာတွေ အဖတ်တင်တာပဲပေါ့။ နောက်ပြီးတော့ ဒီ Sanction နဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့သဘောထားတွေ မေလ ၆ ရက်နေ့ ၂၀၀၂ ခုနှစ်မှာ ဒေါ်အောင်ဆန်းစုကြည် လွတ်လာတော့ သတင်းထောက်တွေကမေးတော့ ဒီကိစ္စတွေကိုလည်း ဒေါ်အောင်ဆန်းစုကြည်က ရှင်းပြပါတယ်။ ***အဓိကကတော့ ကျမတို့ ဆွေးနွေးတဲ့နေ့ကို ရောက်လို့ရှိရင် ဒီ Sanction ကိစ္စက ဆက်လက်ပြီးတော့ ရှင်းမယ်***ပေါ့။ အဲဒီအချိန်ရောက်တဲ့အထိကျရင် အသိပေးမယ်ပေါ့။ အဲဒါမျိုး သူပြောထားတာ ရှိတယ်။" ❖

## မြန်မာဒုက္ခသည်ကျောင်းသားများ ပညာသင်ကြားရေးကိစ္စ ဆွေးနွေး

မြန်မာဒုက္ခသည်ကျောင်းသားများ ပညာသင်ကြားရေးအစီအစဉ် နှစ်ပတ်လည်ဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ်တွင် ဇူလိုင်လကုန်၌ နှစ်ရက်ကြာကျင်းပခဲ့ရာ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက အထူးဧည့်သည်တော်အနေနှင့် တက်ရောက်ဆွေးနွေးခဲ့သည်။

ယင်းတွေ့ဆုံပွဲ၌ လက်ရှိမြန်မာနိုင်ငံ ဒီမိုကရေစီကြိုးပမ်းရေးတွင် အရေးပါသည့်လိုအပ်ချက်များ၊ ဒုက္ခသည်ကျောင်းသားများကို ပိုမိုခေါ်ယူနိုင်ရေးနှင့် လက်ရှိနိုင်ငံရေးအဖွဲ့အစည်းများမှာ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ဒေါက်တာစိန်ဝင်းက BRFC ကျောင်းသားများကို နယ်စပ်ဒေသများတွင် ဗမာပြည်အရေးအတွက် လုပ်ရှားနေကြသော အမျိုးသမီးအဖွဲ့၊ ဥပဒေဆိုင်ရာအဖွဲ့များကဲ့သို့ အလားတူလူမှုနိုင်ငံရေးအဖွဲ့အစည်းများထဲပါဝင်ပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ ဆွေးနွေးခဲ့သည်။

BRFC ၏တာဝန်ခံ မစ္စကဲရောနစ်က မြန်မာပြည် စစ်အစိုးရပြုတ်ကျသည်အထိ သို့မဟုတ် ဒီမိုကရေစီအစိုးရတရပ် ပေါ်ထွန်းလာနိုင်သည်အထိ အမေရိကန်အစိုးရအနေဖြင့် ဤအထူးပညာသင်ကြားရေးအစီအစဉ်ကို ရပ်ဆိုင်းပစ်ဖို့ အလားအလာရှိမှာမဟုတ်ဟု သူ့ထင်မြင်ချက်ကို ပြောပြခဲ့သည်။ ❖

## ဖက်ဒရယ်အခြေခံဥပဒေမူကြမ်းဆွဲ

၂၀၀၅ ခု ဖေဖွာရီလအတွင်း နယ်စပ်တနေရာ၌ ကျင်းပသော နီးနှောဖလှယ်ပွဲတွင် မြန်မာအတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်း များ၊ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများနှင့် လူထုအခြေပြုအသင်းအဖွဲ့များက တညီတညွတ်တည်း သဘောတူချမှတ်ခဲ့သော **အခြေခံမူ (၈) ချက်**ကို အခြေခံထားပြီး အနာဂတ်စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း) ကို ရေးဆွဲလျက်ရှိရာ ယခုအခါ အခန်း (၁၁) အထိ ရောက်ရှိနေပြီဟုသိရသည်။ ယင်းအခြေခံဥပဒေမူကြမ်းကို ဖက်ဒရယ်အခြေခံဥပဒေရေးဆွဲရေးနှင့် ညှိနှိုင်းရေးကော်မတီ (FCDCC) ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်သန်းလေး၊ ဒုဥက္ကဋ္ဌ အမျိုးသားညွန့်ပေါင်းအစိုးရ ဖက်ဒရယ်ရေးရာဝန်ကြီး ခွန်းမတ်ရဲ့ ကိုတန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့မှ ဦးသိန်းဦးတို့ ပါဝင်ရေးဆွဲလျက်ရှိရာ ယခုလ ၂၂ ရက်မှ ၂၇ ရက်အထိ အခန်း (၁) မှ (၇) အားပြန်လည်သုံးသပ်ခဲ့ပြီး အခန်း (၈) မှ (၁၁) ကို ဆက်လက်ရေးဆွဲပြုစုလျက်ရှိသည်။ ကျန်ရှိသောအခန်း (၁၂) မှ (၁၄) အား အောက်တိုဘာလအပြီး ရေးဆွဲသွားမည်ဟု ခွန်းမတ်ရဲ့ကိုတန်းက ပြောကြားသွားသည်။ ❖

### အခြေခံမူ (၈) ချက်

၂၀၀၅ ခု ဖေဖော်ဝါရီ (၁၂) ရက်နေ့တွင် တညီတညွတ်တည်း သဘောတူချမှတ်ခဲ့သော အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာအခြေခံမူများမှာ –

၁။ အချုပ်အခြာအာဏာ
၂။ တန်းတူရေး
၃။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်
၄။ ဖက်ဒရယ်ပြည်ထောင်စုမူများ
၅။ လူနည်းစုများ၏အခွင့်အရေးများ
၆။ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု
၇။ ဘာသာရေးကိုအခြေမခံသောနိုင်ငံ
၈။ ပါတီစုံဒီမိုကရေစီစနစ်

တို့ဖြစ်ပြီး

၁။ အရပ်ဘက်အုပ်ချုပ်မှုအောက်တွင် ပြည်ထောင်စုတပ်မတော်ထားရှိရေး
၂။ ပြည်နယ်သစ်များဖွဲ့စည်းရေး
၃။ (က) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
(ခ) အမျိုးသမီးများနှင့်ကလေးများဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးနှင့် တိုးတက် မြင့်မားရေးအတွက် အထူးလုပ်ဆောင်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး တို့ကိုလည်း အခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် အလေးအနက် ထည့်သွင်း ပြဋ္ဌာန်းသွားရန်ဖြစ်သည်။ ❖

## ကမ္ဘာလုံးဆိုင်ရာရံပုံငွေအဖွဲ့ မြန်မာပြည်မှထွက်

အိပ်ဒ်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး ကမ္ဘာလုံးဆိုင်ရာရံပုံငွေအဖွဲ့ (Global Fund)သည် ဩဂုတ်လ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံမှ လုပ်ငန်းများ ရပ်ဆိုင်းရန်ဆုံးဖြတ်လိုက်သည်။ ရပ်ဆိုင်းရပ်သိမ်းရခြင်းအကြောင်းရင်းမှာ အဖွဲ့၏ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရန်အတွက် ခရီးသွားလာမှု၊ အခမဲ့ဖြန့်ဖြူးပေးသည့် ရောဂါတိုက်ဖျက်ရေးဆေးဝါးနှင့် အခြားထောက်ပံ့ပစ္စည်းများ တင်သွင်းမှုတို့တွင် စစ်အစိုးရမှ ကန့်သတ်ချုပ်ချယ်မှုများ လုပ်သောကြောင့်ဖြစ်ပြီး အမေရိကန်အစိုးရနှင့် အခြားနိုင်ငံတကာဖိအားများကြောင့်မဟုတ် ဟုဆိုပါသည်။ သို့ရာတွင် ***စစ်အစိုးရက မြန်လည်ရှင်းလင်းရာ၌ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ထုတ်ပြန်ချက်တွင် (Global Fund) ၏မကျေနပ်ချက်မှန်ကန်ကြောင်း တစိတ်တပိုင်း ဝန်ခံထားသော်လည်း မြန်မာဘာသာဖြင့် ထုတ်ပြန်ချက်၌မူ ယင်းအကြောင်းပြချက်ကို ဖုံးကွယ်ထားကာ (Global Fund) အား တဖက်သတ်အပြစ်ဖို့ထားသည်*** ဟုဒေါက်တာစန်းအောင်က ထောက်ပြသည်။

ထိုင်းနိုင်ငံမှ ပို့ကုန်သွင်းကုန်ဘဏ် (Exim Bank) ကလည်း မြန်မာနိုင်ငံသို့ ချေးငှားရန် သဘောတူထားသည့် ဒေါ်လာ သန်း ၁၀၀ အနက်မှ ကျန်ရှိနေသေးသည့် ဒေါ်လာ ၄၂ သန်းခွဲကို ဆိုင်းငံ့လိုက်ကြောင်း သိရသည်။ ❖

## မြန်မာ့အရေး လီကွမ်ယူသတိပေး

ဝါရင့် အာရှနှင့် ကမ္ဘာ့ခေါင်းဆောင်တဦး ဖြစ်သော စင်္ကာပူဝန်ကြီးချုပ်လီကွမ်ယူက မြန်မာနိုင်ငံ၏ ပြဿနာအရပ်ရပ်သည် ဒေသတွင်းနိုင်ငံများကိုပါ ရိုက်ခတ်နေသည်ဟု ဂျပန်သတင်းစာတစောင်နှင့် တွေ့ဆုံမေးမြန်းခန်း၌ သတိပေးလိုက်သည်။

မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌနေရာကို စွန့်လိုက်သဖြင့် ပြဿနာတခုကို ကျော်လွှားနိုင်ခဲ့သော်လည်း ပြဿနာများ ကျန်ရှိနေဆဲဖြစ်ကြောင်း၊ ***ကမ္ဘာ့အသိုင်းအဝိုင်းကို ကျောခိုင်းပြီး ထင်ရာစိုင်းလုပ်နေသည့် ပြဿနာများကို ရင်ဆိုင်ဖြေရှင်းရလိမ့်မည် ဖြစ်ကြောင်း၊*** မြန်မာပြည်သူများသည် အိမ်နီးချင်းထိုင်းနိုင်ငံ၏ ကြွယ်ဝမှုကို မိမိတို့အခြေအနေနှင့် နှိုင်းယှဉ်ကြည့်ကာ စိတ်မချမ်းမသာဖြစ်မည်ထင်ကြောင်း၊ ***မြန်မာခေါင်းဆောင်များသည် အိမ်နီးချင်းနိုင်ငံ ခေါင်းဆောင်များလို မိမိတိုင်းပြည်ကို တိုးတက်ကြီးပွားအောင် စွမ်းဆောင်နိုင်ခြင်းမရှိကြောင်း*** ပြောကြားသွားသည်။ ❖

## NLD သုံးလပတ်အစည်းအဝေး

NLD ဗဟိုဌာနချုပ်၌ ဩဂုတ်လ ၁၅ ရက်နေ့တွင် အဖွဲ့ချုပ်ဗဟိုနှင့် ပြည်နယ်-တိုင်း သုံးလပတ်အစည်းအဝေး ကျင်းပခဲ့သည်။ ပြီးခဲ့သည့်သုံးလအတွင်း တိုင်းပြည်နှင့်အဝှမ်း ပိုပြီး ဖိနှိပ်ခံရမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ထို့အပြင် ယင်းဖိနှိပ်မှုများသည် အာဏာပိုင်တို့ ပြဋ္ဌာန်းထားသော ဥပဒေနှင့်ပင် မညီညွတ်ဘဲ ဖီလာဆန့်ကျင်ဖြစ်နေကြောင်း စသဖြင့် NLD သတင်းနှင့်ပြန်ကြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတဦးဖြစ်သူ ဦးမြင့်သိန်းက ပြောကြားလိုက်သည်။

နအဖက တရားဥပဒေစိုးမိုးရေးဟုလည်းကောင်း၊ မည်သူမှ ဥပဒေအထက်မှာမရှိရဟုလည်းကောင်း ပြောထားသော်လည်း အောက်ခြေတွင် ဖိနှိပ်မှုများရှိနေသဖြင့် ပြောကြားချက်များနှင့် ကွဲလွဲနေသည်ဟု အစည်းအဝေးတက်သူများက တင်ပြကြသည်။ နိုင်ငံရေးပါတီအနေအထားအားဖြင့် လှုပ်ရှားနိုင်မှုမရှိလောက်အောင်ကို ဖိနှိပ်ထားကြောင်း အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေနှင့် မညီညွတ်ကြောင်းလည်း တင်ပြကြသည်။ ရွေးကောက်ပွဲကော်မရှင်မှာ မရှိသင့်တော့သော်လည်း ယခုအခါ ကော်မရှင်သည် ပါတီတွင်းကိစ္စရပ်များကိုပါ ဝင်ပြီးကြီးကြပ်ကွပ်ကဲနေကြောင်း တင်ပြကြသည်။ အဆုံးစွန်အားဖြင့်၊ ပြည်နယ်-တိုင်း အတော်များများတွင် အဖွဲ့ဝင်များအိမ်၌ သာရေး၊ နာရေးအတွက် စုစည်းမှုကိုပင်လျှင် တားမြစ်မှုများ လုပ်လာကြောင်း ပြောဆိုတင်ပြကြသည်။

***ယခု သုံးလအတွင်း အရင်ကာလများထက် ဖိနှိပ်မှုပိုများလာသည်ဟု ပြောခွင့်ရသူက ပြောသွားသည်။ ပါတီတွင်း၌မူ ယခင်လို တယောက်နှင့်တယောက် နားလည်မှုလွဲခြင်း၊ အားမလိုအားမရဖြစ်ခြင်းများ မတွေ့ရတော့ကြောင်းလည်း ပြောကြားသွားသည်။*** ❖

## ကရင်နီတော်လှန်ရေးနေ့ကျင်းပ

၅၈ ကြိမ်မြောက်ကရင်နီတော်လှန်ရေးနေ့ အခမ်းအနားကို ဩဂုတ်လ ၉ ရက်နေ့က လွတ်မြောက်ဒေသတနေရာ၌ ကျင်းပခဲ့သည်။ သဘာပတိ ခူးဖြားရယ်က ကရင်နီတော်လှန်ရေး မပြီးဆုံးသေးကြောင်းနှင့် ကရင်နီလူမျိုးအားလုံး ပူးပေါင်းပါဝင်ရေးတို့ကို ပြောကြားသွားသည်။ ***သီခြားနိုင်ငံထူထောင်ရေးအစား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ တန်းတူညီသော ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးကိုရပ်ခံကြောင်း*** KNPP အတွင်းရေးမှူးရေမွှန်ထူးက ပြောကြားသွားသည်။ ❖

## စစ်အစိုးရဝန်ကြီးအပြောင်းအလဲ

ဩဂုတ်လ ၁၀ ရက်နေ့တွင် မြန်မာစစ်အစိုးရသည် ဝန်ကြီး (၃) ဦးကို ရာထူးမှ ဖယ်ရှားလိုက်ကြောင်း ကြေညာခဲ့သည်။ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်ကို တာဝန်မှ ရပ်စဲပြီး သူ့နေရာတွင် ယခင် သိပ္ပံနှင့်နည်းပညာ ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းအား အစားထိုးခန့်အပ်လိုက်သည်။ ထို့ပြင် ဝန်ကြီးချုပ်ရုံးဝန်ကြီးများဖြစ်ကြသော ဦးသန်းရွှေ နှင့် ဗိုလ်မှူးချုပ်ပြည့်စုံတို့ကိုလည်း တာဝန်မှအနားယူခွင့်ပြုလိုက်ကြောင်း ကြေညာသည်။ ဤဖယ်ရှားမှုများအတွက် အကြောင်းပြချက်တစုံတရာ ဖော်ပြခြင်းမရှိ။ ဗိုလ်မှူးကြီးသူရိန်ဇော်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်လိုက်သည်။ တနှစ်အတွင်း လေးကြိမ်မြောက်ဝန်ကြီး အပြောင်းအလဲဖြစ်သည်။ တိုင်းမှူးနှင့် အခြားထိပ်တန်းစစ်ဘက်ရာထူးတချို့လည်း အပြောင်းအလဲရှိကြောင်း သိရသည်။

အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာစိန်းအောင်က ယခုလို ရာထူးကထုတ်ပယ်မှုမျိုးမှာ စစ်အစိုးရ၏ သရုပ်မှန်ဟု ဗွီအိုအေနှင့် တွေ့ဆုံခန်းတွင် မှတ်ချက်ချလိုက်သည်။ "ဒီမိုကရေစီနိုင်ငံတွေမှာလို ဘာကြောင့်အရေးယူသလဲ၊ ဘာကြောင့်ထုတ်ပစ်သလဲဆိုတာမျိုး မရှိဘဲနဲ့ အခုမြန်မာနိုင်ငံမှာကတော့ စစ်အာဏာရှင် အုပ်ချုပ်တဲ့အတွက်ကြောင့်မို့လို့ ကျနော်တို့ တိုင်းပြည်က သူ့အလိုကျ ကြိုက်သလို လုပ်နေတာပဲလို့ မြင်တယ်။ ဦးသန်းအောင်ဟာ ဆိုလို့ရှိရင် ဗိုလ်ချုပ်သန်းရွှေနဲ့ အင်မတန် နီးစပ်တယ်။ ဒါပေမဲ့ စစ်အာဏာရှင်နဲ့ ဘယ်လောက်ပဲ အဆင်ပြေနေနေ၊ အဆင်မပြေတဲ့တနေ့မှာတော့ အနားပေးတယ် ဆိုတဲ့စကားလုံးတော်ပဲ အသုံးမခံရဘဲနဲ့ ဖြုတ်ပစ်တယ်ဆိုတဲ့ စကားလုံးမျိုးနဲ့ နိဂုံးချုပ်သွားရတယ်ဆိုတာ သံဝေဂယူစရာ ကောင်းပါတယ်" ဟု၎င်း၏အမြင်ကို ဗွီအိုအေသို့ ထုတ်ဖော်ပြောပြသွားသည်။ ❖

## အိန္ဒိယလွတ်လပ်ရေး မြန်မာကူညီမှု အခမ်းအနားကျင်းပ

ဩဂုတ်လ (၉) ရက်နေ့တွင် မဟတ္တမဂန္ဒီ၏ လွတ်လပ်ရေးတိုက်ပွဲအရှိန်မြှင့်မှုအား မြန်မာနှင့် နီပေါနိုင်ငံတို့က ကူညီအားပေးခဲ့ခြင်းကို ကျေးဇူးတင်ဂုဏ်ပြုအခမ်းအနားကို နယူးဒေလီ၌ ကျင်းပရာ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာတင့်ဆွေ တက်ရောက်ပြီး စကားပြောကြားခဲ့သည်။



ဒေါက်တာတင့်ဆွေက "မြန်မာနဲ့ နီပေါနိုင်ငံတွေမှာ ဒီမိုကရေစီပြန်လည်ထွန်းကားရေးအတွက် အိန္ဒိယ၊ မြန်မာ၊ နီပေါ သုံးနိုင်ငံပြည်သူတွေ အတူတကွလက်တွဲပြီး တိုက်ပွဲဝင်ကြဖို့ ကျနော့်အနေနဲ့ နှိုးဆော်လိုက်ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ် နှစ်ပတ်လောက်ကပဲ နအဖစစ်အစိုးရဟာ အာဆီယံဥက္ကဋ္ဌနေရာကို လက်လွှတ်လိုက်ရပါတယ်။ ဒါဟာ ဒေသတွင်းအစိုးရတွေကြောင့်မဟုတ်ဘဲ ဒေသတွင်းပြည်သူတွေရဲ့ ညီညီညွတ်ညွတ်နဲ့ ဖိအားပေးမှုကြောင့် ဖြစ်ပါတယ်" ဟုပြောကြားသွားသည်။

စာမျက်နှာ (၈) ကော်လံ (၂) သို့

## မြန်မာ့အရေးဆိုင်ရာ အာဆီယံပါလီမန်အမတ်များအစု
## ASEAN Inter-Parliamentary Myanmar Caucus (AIPMC)

ဤအဖွဲ့ကို ၂၀၀၄ခု နိုဝင်ဘာလတွင် မလေးရှားလွှတ်တော်အမတ်များက စတင်ဖွဲ့စည်းခဲ့ပြီး မကြာခင်အတွင်း အင်ဒိုနီးရှား၊ စင်္ကာပူ၊ ထိုင်း၊ ဖိလိပိုင်နှင့် ကမ္ဘောဒီးယားအမတ်များပါ ပါဝင်လာကြသည်။ အဖွဲ့တွင် သက်ဆိုင်ရာနိုင်ငံများ၏ အာဏာရပါတီနှင့် အတိုက်အခံပါတီနှစ်ဖက်စလုံးမှ လွှတ်တော်ကိုယ်စားလှယ်များပါပြီး ယခုအခါ စုစုပေါင်းဦးရေ ရာဂဏန်း ရှိနေသည်။ ဤအဖွဲ့သည် အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ အရေးပါသောအဖွဲ့တဖွဲ့အဖြစ် အလျင်အမြန် ပေါ်ထွန်းလာခဲ့သည်။

အဖွဲ့ဝင်အမတ်များသည် မိမိတို့ဆိုင်ရာအစိုးရများကို အာဆီယံ၏ ထုံးတမ်းစဉ်လာ "အပြုသဘောဆက်ဆံရေး" ထက်ကျော် လွန်ကြည့်မြင်ရန် တိုက်တွန်းနေကြသည်။ စတင်ဖွဲ့စည်းစကတည်းက ခွန်းတယ်ဒီဘူးရီ၊ ဒေါက်တာစန်းအောင်၊ ဒေါက်တာတင့်ဆွေနှင့် ဦးသိန်းဦးတို့ပါဝင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့/အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းကာ ၂၀၀၆ အာဆီယံဥက္ကဋ္ဌရာထူးအား နအဖ မရစေရေးအတွက် အစီအစဉ်ချ စိုက်လိုက်မတ်တပ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ဤအဖွဲ့သည် ၂၀၀၆ ခုနှစ်တွင် အောက်ပါအခြေခံရှေ့ပြေးလိုအပ်ချက်များရရှိရေး ရည်မှန်းချက်ထား လှုပ်ရှားနေသည်။

၁။ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး

၂။ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်မြောက်ရေး

၃။ ဥပဒေကြောင်းအရ တရားဝင်သော ပါလီမန်လွှတ်တော်ခေါ်ယူနိုင်ရေး

၄။ အဓိပ္ပါယ်ပြည့်ဝ၍ ကိုယ်စားပြုမှုရှိသော အမျိုးသားညီလာခံခေါ်ဆိုကာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲအတွက် အခြေခံများချမှတ်ပြီး ဒီမိုကရေစီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ရေးဆွဲချမှတ်ရေးနှင့် ရွေးကောက်ပွဲသစ် ကျင်းပရေး

အဖွဲ့ကြီးတွင် မလေးရှားနိုင်ငံမှ ဇာယစ်အိဘရာဟင်နှင့် ထရီစာကော့တို့က ပဲ့ကိုင်ကော်မတီ၏ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် အသီးသီးဆောင်ရွက်ကြပြီး နူးရ်ဆယာဘာနီကတ်ဂျဆွန်းကန (အင်ဒိုနီးရှား)၊ အကွီလီနိုပင်မင်တယ်လ် (ဖိလိပိုင်) နှင့် ကရီယန်ဆတ်ချွန်နာဗန် (ထိုင်း) တို့က ဒုဥက္ကဋ္ဌများအဖြစ် တာဝန်ယူကြသည်။

၂၀၀၅ ခု ဧပြီလအတွင်း ဖိလိပိုင်နိုင်ငံမနီလာမြို့တွင် ၁၁၂ ကြိမ်မြောက် နိုင်ငံတကာပါလီမန်လွှတ်တော်များသမဂ္ဂ IPU ၏ညီလာခံနှင့် AIPMC အစည်းအဝေး တပြိုင်နက်ကျင်းပသည့်အခါ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖွဲ့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီတို့က မြန်မာနိုင်ငံဒီမိုကရေစီထွန်းကားရေး နိုင်ငံတကာ့နိုင်ငံရေးခေါင်းဆောင်များအဖွဲ့ (PD-Burma) နှင့် တိုင်ပင်ညှိနှိုင်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးဘိုလှတင့်၊ ဒေါက်တာစန်းအောင်၊ ဒေါက်တာတင့်ဆွေ၊ ဒေါ်စန်းစန်းနှင့် NCUB အတွင်းရေးမှူး ဦးမောင်မောင်တို့ ငါးဦးပါ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်တက်ရောက်စေခဲ့သည်။ ယင်း ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံတကာမှ မြန်မာ့အရေးစာနာထောက်ခံသူများ၏ လုံးပမ်းမှုဖြင့် (မြန်မာ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ကို IPU မှ အသိအမှတ်ပြုလိုက်ပြီး ညီလာခံတွင် စကားပြောခွင့်ပေးခဲ့သည်။

ထိုမှတဆင့်တက်ကာ AIPMC နှင့် IPU အဖွဲ့ဝင်များအား စည်းရုံးတိုက်တွန်းပြီး ၂၀၀၆ ခုအတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌနေရာကို နအဖစစ်အစိုးရမှ အရှက်တကွဲလက်လွှတ်ရအောင် ညှိနှိုင်းစီစဉ်နိုင်ခဲ့သဖြင့် နောက်ဆုံးတွင် ပြီးခဲ့သည့်လ ဗီယင်ကျန်းအစည်းအဝေးအောင်ပွဲသို့ အရောက်လှမ်းနိုင်ခဲ့လေသည်။ ❖

---

## နအဖမှ အတိုက်အခံအဖွဲ့များအား မတရားသင်းကြေညာ

ဩဂုတ်လ ၂၈ ရက်တွင် နအဖစစ်အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ၊ မြန်မာနိုင်ငံလွတ်လပ်သောအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (FTUB) ၊ ရှမ်းပြည်တပ်မတော်–တောင်ပိုင်း (SSA-S)တို့အား မတရားသင်းများအဖြစ် ကြေညာလိုက်ကြောင်း နအဖပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လက်မှတ်ထိုး၍ အမိန့်ထုတ်ပြန်လိုက်ပြီး ယင်းကိစ္စကို စစ်အစိုးရက သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ သို့ရာတွင် မတရားသင်းမကြေညာမီကာလနှင့် ကြေညာပြီးကာလ မည်သို့ကွာခြားကြောင်းကိုလည်းကောင်း၊ မတရားသင်းကြေညာခံရသော အဖွဲ့အစည်းများနှင့် ယင်းကဲ့သို့ ကြေညာမခံရသော အဖွဲ့အစည်းများ မည်သို့ကွာခြားကြောင်းကိုလည်းကောင်း ရှင်းလင်းသွားခြင်းမရှိပါ။

### ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
### ပြည်ထဲရေးဝန်ကြီးဌာန
### အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၅)
### ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်
### (၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (National Coalition Government of the Union of Burma) (NCGUB)၊ ယင်းအဖွဲ့အစည်း၏အဖွဲ့ဝင်များ၊ ယင်းအဖွဲ့အစည်းနှင့်ဆက်နွှယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုသော်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးကိုသော်လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုသော်လည်းကောင်း အနှောင့်အယှက် အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက မတရားအသင်းများအက်ဥပဒေ ပုဒ်မ ၁၆ အရ အထက်ဖော်ပြပါ အဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်းနှင့် ဆက်နွှယ်သည့် အခြားအဖွဲ့အစည်းများအား မတရားအသင်းများ အက်ဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ
ဗိုလ်ချုပ်မောင်ဦး
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

❖

# ကုလစားနပ်ရိက္ခာအကြီးအကဲ၏ မြန်မာနိုင်ငံခရီး

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ WFP ၏အကြီးအကဲ အမှုဆောင်ဒါရိုက်တာ မစ္စတာဂျိမ်းမောရစ်သည် မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁ ရက်နေ့တွင် ၄ ရက်ကြာခရီးအဖြစ် ရောက်ရှိလာပြီး မြန်မာနိုင်ငံရှိ WFP လုပ်ငန်းများကို စစ်ဆေးကြည့်ရှုခဲ့သည်။ ခရီးစဉ်အတွင်း ကုလသမဂ္ဂဌာနေဝန်ထမ်းများ၊ နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် စစ်အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များ၊ အင်ဂျီအိုများ၊ လူထုအခြေပြုအသင်းအဖွဲ့များအပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဦးလွင်နှင့် တိုင်းရင်းသားခေါင်းဆောင်များကိုပါ တွေ့ဆုံခဲ့သည်။

မြန်မာနိုင်ငံအတွင်း WFP မှ ဆန်နှင့် ရိက္ခာများ ဖြန့်ဝေရာတွင် စစ်အစိုးရက ဆန် မြို့နယ်မကျော်ရေး ကန့်သတ်ချက်များပြုလုပ်၍ နှောင့်ယှက်နေခြင်းနှင့် မြန်မာပြည်သူများကို အခမဲ့ဖြန့်ဝေရန် မြန်မာနိုင်ငံတွင်းမှ ဆန်ဝယ်ယူရာ၌ စစ်အစိုးရ မှ အခွန်ကောက်ခံနေခြင်းများကို ဖြေရှင်းပယ်ဖျက်ပေးရန် စစ်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်းသိရသည်။ ***ကမ္ဘာတဝှမ်းလုံးတွင် WFP မှ အခမဲ့စားနပ်ရိက္ခာဖြန့်ဖြူးပေးရာ၌ အခွန်ကောက်ခံသောနိုင်ငံမှာ ကမ္ဘာပေါ်တွင် မြန်မာတနိုင်ငံတည်းသာရှိသည် ဟု မစ္စတာမောရစ်က ပြောသည်။ မြန်မာနိုင်ငံတွင် ကလေးစုစုပေါင်း၏ သုံးပုံတပုံမှာ အာဟာရချို့တဲ့နေသည်ဟုလည်း မစ္စတာမောရစ်က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။***

WFP အဖွဲ့ကြီးသည် လောလောဆယ် မြန်မာနိုင်ငံပုဂ္ဂလိကကဏ္ဍမှ ဆန်တန်ချိန် တထောင်ဝယ်ယူနေပြီး၊ WFP အား ဆန်ရောင်းသည့်ကုမ္ပဏီများမှာလည်း မြန်မာစစ်ခေါင်းဆောင်တချို့နှင့် နီးစပ်သောကုမ္ပဏီများဖြစ်ကြောင်းသိရသည်။ ***မစ္စတာမောရစ်ကမူ ဆန်သွင်းသူများကို WFP က တင်ဒါစနစ်နှင့် ခေါ်လေ့ရှိကြောင်း ပြန်လည်ဖြေကြားခဲ့သော်လည်း ရန်ကုန်ဆန်ကုန်သည် အသိုင်းအဝိုင်းအဆိုအရ မည်သည့်တင်ဒါစံနစ်မှ ခေါ်ယူသည်ကို မသိရ***ဟု RFA ကို ပြောဆိုခဲ့ကြသည်။

ယင်းခရီးစဉ်နှင့်ပတ်သက်၍ NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်ကို ဘီဘီစီက တွေ့ဆုံမေးမြန်းရာ၌

***ဦးလွင်*** ။ ။ အန်ကယ်တို့ အခု UNDP နဲ့ ပြဿနာဖြစ်နေတာကတော့၊ UNDP/UNICEF/WHO ပေါ့လေ။ အဲဒီလိုနဲ့ ပတ်သက်လို့ဆိုရင်၊ တခုက WHO နဲ့ပတ်သက် လို့ဆိုလို့ရှိရင် သူတို့တွေရောက်နေတာ ဟိုးခေတ်ကတည်းက ရောက်နေတာ။ သူတို့ဒီနေ့ ဒီရက်တောင် လာမတွေ့ဘူး။ သူတို့လုပ်နေတာလည်း ဘာလုပ်နေမှန်း အန်ကယ်တို့မသိဘူး။ ဒေါ်အောင်ဆန်းစုကြည် ရှိတုန်းကတော့ တွေ့တာ၊ ပြုတာရှိတယ်။ WHO က အင်မတန်မာနကြီးတယ်။ အန်ကယ်တို့ကို အဖက်မလုပ်ဘူး။ သူကအစိုးရနဲ့ပဲ အဖက်လုပ်တဲ့အဖွဲ့ပါ။ UNICEF နဲ့ UNDP ကတော့ ရံဖန်ရံခါရှိတယ်။ နောက်ဆုံးပိတ်ကြတော့ လစဉ်တွေ့မယ်ဆိုပြီး တလတခါတွေ့နေတဲ့ သဘောရှိတယ်။ အဲဒီအချိန်မှာ အခုအန်ကယ်တို့နဲ့ ပူပူနွေးနွေး ဆွေးနွေးနေတာက Global Fund ကိစ္စဘဲ။ Global Fund ကိစ္စကို ဖြုန်းစားကြီး တခါတည်း US က နေပြီးတော့ ဘယ်လို သူတို့ကို အရေးဆိုထားတဲ့အပိုင်းပေါ့။ condition တခုနဲ့ အဲဒါကို အန်ကယ်တို့ ဆွေးနွေးနေတယ်။ အဓိက UNDP နဲ့ပဲ။ အန်ကယ်တို့ကို အဖက်လုပ်ပြီး ဆွေးနွေးနေတာ UNDP တစ်ခုထဲပဲရှိတယ်။ ကျန်တဲ့ UN organization တွေက ဘယ်လိုပဲရှိရှိ၊ ဘာတွေပဲလုပ်လုပ်၊ ဘယ်သူကမှ မဆက်သွယ်ဘူး။ အန်ကယ်တို့နဲ့ဆက်သွယ်ရမှာ အင်မတန် ကြောက်တယ်။

***ဘီဘီစီ*** ။ ။ UNDP နဲ့အန်ကယ်တို့ ဆွေးနွေးတဲ့အခါမှာကျတော့ အန်ကယ်တို့အနေနဲ့ အကျိုးဖြစ်ထွန်းမှုရှိတယ်လို့ ယူဆပါ သလားခင်ဗျ။

***ဦးလွင်*** ။ ။ ရှိတယ်လို့ဆိုတာက ဒီလို၊ သူတို့က တဖက်သတ်။ Global Fund ကိစ္စကို သူတို့ ပြောတယ်။ ဒါလည်း ပြည့်ပြည့်စုံစုံ မပြောဘူး။ ဒါနဲ့ US ကိုအန်ကယ်တို့ကလည်း ဆက်ရတယ်။ အဲဒါက အန်ကယ်တို့ opposition ရဲ့ approval ဒါမှမဟုတ် endorsement ကိုလိုချင်တယ်ဆိုတော့ အန်ကယ်တို့က ဘာ organization မှ မဟုတ်ဘူး။ သို့သော် political organization၊ သူတို့ ရဲ့ program တွေ၊ သူတို့ရဲ့ budget တွေကို အန်ကယ်တို့က approve လုပ်ဖို့ဆိုတဲ့ဟာက ဒီမှာနာရီဝက်နဲ့ လုပ်ဖို့ ဘယ်လိုစဉ်းစားမလဲ။ မရဘူးလေ။ ဒီကိစ္စကို အန်ကယ်တို့ seriously ကိုင်တွယ်နေတဲ့ သဘောရှိတယ်။ သမရိုးကျလုပ်နေတဲ့အပိုင်း သူတို့လုပ်တယ်။ အန်ကယ်တို့က ဘာမှ မပတ်သက်ဘူးဆိုရင်လည်း ကိစ္စမရှိဘူး။ အခုဟာကတော့ ဒီဟာကို program ကို ကြည့်ပြီးတော့ ဝေဖန်ပေးဖို့၊ approval ပေးဖို့ဆိုတဲ့ ဟာကျတော့ လွယ်လွယ်နဲ့မလုပ်နိုင်ဘူး။ ဘာလို့ဆိုတော့ သန်းပေါင်း ၉၀ လောက်နီးနီးရှိတဲ့ကိစ္စ။

***ဘီဘီစီ*** ။ ။ ဟုတ်ကဲ့။ WFP ကိစ္စကလည်း ကျွန်တော်တို့ ကြားသိရသလောက်အပိုင်းက နှစ်ပိုင်းပေါ့။ တပိုင်းကတော့ အဲဒီဘက်မှာ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးနဲ့ဆက်နွှယ်နေတဲ့ တောင်သူလယ်သမားတွေရဲ့ စားနပ်ရိက္ခာ အခြေအနေပေါ့။ တဖက်မှာကျတော့ AIDS ဖြစ်နေတဲ့ ရွာတွေ၊ မြို့တွေ၊ နယ်တွေပေါ့နော်။ အထူးသဖြင့် မြန်မာနိုင်ငံအထက်ပိုင်းဘက်မှာ၊ အဲဒီဘက်မှာလည်း WFP က အစီအစဉ်တွေ လုပ်တယ်ဆိုပြီး ကျွန်တော်တို့ကြားရပါတယ်။ တကယ်လို့ သူတို့က အဲဒီကိစ္စတွေ ဆွေးနွေးလာမယ်ဆိုရင်ကော အန်ကယ်တို့အနေနဲ့ ဘာများ ပြန်ပြောဘို့ရှိပါသလဲ။

***ဦးလွင်*** ။ ။ ပြောဖို့ရှိတယ်ဆိုတာက၊ ပြောဖို့ တခုက ခင်ဗျားတို့လည်းသိဖို့၊ ကျွန်တော်တို့က opposition ဆိုတာ ဒီမိုကရေစီနိုင်ငံတွေကလို opposition status မျိုးမရှိဘူး။ ဒီမှာ အခု AIDS နဲ့ပတ်သက်လို့ ဒီလို prevention ကို၊ education ပေါ့လေ၊ လုပ်ပေးတဲ့ဟာကို စောစောပိုင်းမှာ သူတို့ကတောင်းဆိုလို့ အန်ကယ်တို့က သင်တန်းတွေ ဘာတွေ တက်ပြီးတော့ လုပ်ပေးတယ်။ အခုဆိုလို့ရှိရင် ဒီဟာမျိုးတွေ လုပ်တာ သူတို့အလုပ်၊ ဘာလို့ဒီလို သူတို့အစိုးရ အလုပ်ထဲ ဝင်ရှုပ်ရသလဲဆိုပြီး နောက်ကို ဒါမျိုးတွေလုပ်ရင် အရေးယူမယ်လို့တောင် တချို့မြို့နယ်တွေမှာ ပြောခံရတယ်။ အဲဒီတော့ အန်ကယ်တို့ အခြေအနေက အဲဒါဘဲ။ ဖြစ်နိုင်တာ၊ လုပ်နိုင်တာ၊ ဒါတွေကတော့ အန်ကယ်တို့ လုပ်မှာပါပဲ။ သို့သော် condition က ဒီလိုဒီလို ရှိတယ်ဆိုတာ သူတို့လည်းသိဖို့ပဲ။ သူတို့က UN organization နော်၊ သက်ဆိုင်ရာ အစိုးရက ခွင့်ပြုမှ သွားရလာရတာပါ။ သူတို့လည်း အခြေအနေသိပ်မကောင်းပါဘူး။

အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာစန်းအောင်ကလည်း

“အခု WFP ကနေပြီးတော့ ဗမာပြည်မှာ ကူညီတဲ့နေရာမှာ၊ HIV/AIDS အရ ဒုက္ခခံနေရတဲ့လူတွေရဲ့ မိသားစုတွေကို ကူညီတာရှိတယ်။ နောက်ပြီးတော့ ရခိုင်ပြည်နယ်မှာ ဘင်္ဂလားဒေ့ရှ်ဖက်ကနေ ပြန်ပြီးတော့ဝင်လာတဲ့ ဒုက္ခသည်တွေကို ကူညီတာရှိတယ်။ ရှမ်းပြည်မြောက်ပိုင်းမှာ ဘိန်းအစားထိုးစိုက်တဲ့နေရာမှာ နအဖကနေပြီးတော့ နအဖအနေနဲ့ရော၊ ဒီက အာဏာပိုင်အနေနဲ့ရော၊ ဘိန်းအစားထိုးစိုက်

တယ်ဆိုရင်တော့ တကယ်တမ်းမှာ ဘိန်းပပျောက်ရေးလုပ်ပေမယ့် ဒီ တောင်သူလယ်သမားတွေရဲ့ စားဝတ်နေရေးကို မဖြေရှင်းပေးနိုင်ခဲ့ဘူးလို့ပြောပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျနော်တို့မြင်တာကတော့ ဒီဟာတွေကို ကူနေတာဟာ ကောင်းပါတယ်။ ဒါပေမယ့် တပိုင်းကနေပြီးတော့ တကယ်တမ်း ဒီပြဿနာတွေ အဓိကဖြစ်လာတာက နအဖကြောင့်ပဲဖြစ်တယ်။ ပြည်သူကို တာဝန်မခံနိုင်တဲ့၊ ပြည်သူကိုအာမမခံနိုင်တဲ့၊ ပြည်သူကို ကိုယ်စားမပြုနိုင်တဲ့၊ ဒီစစ်အစိုးရကြောင့်မိုလို့၊ စစ်အာဏာရှင်ကြောင့်မို့လို့ ဖြစ်တာကြောင့် အဓိကအကြောင်းရင်းကို ကုလသမဂ္ဂကနေပြီးတော့ ထိထိရောက်ရောက် ဖြေရှင်းဖို့လိုမယ်လို့ ကျနော်တို့မြင်တယ်။ အိမ်နီးနားချင်းနိုင်ငံတွေကလည်းပဲ မစ္စတာမောရစ် ပြောသွားတဲ့အပေါ်မှာ သုံးသပ်ပြီးတော့၊ ဗမာပြည်ပြဿနာတွေကို တကယ်တမ်းဖြေရှင်းဖို့ ဆိုလို့ရှိရင်တော့၊ ဒီမိုကရေစီထွန်းကားရေးနဲ့၊ ပြည်သူကိုကိုယ်စားပြုတဲ့ အစိုးရပေါ်ထွန်းရေး အတွက်ကို ကျနော်တို့ဆုံးခန်းတိုင်အောင် ကြိုးပမ်းပေးဖို့လိုမယ်လို့ ကျနော်တို့မြင်ပါတယ်" ဟု RFA ကို ပြောကြားသွားသည်။ ❖

---

## အလီအလာတပ်စ်ခရီးစဉ်နှင့် Mandate

ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ အလီအလာတက်စ်သည် ဩဂုတ်လ ၁၈ ရက်နေ့က မြန်မာနိုင်ငံသို့ လာရောက်သွားသည်။ ၎င်းသည် ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး ကိစ္စကို နအဖထိပ်ပိုင်းခေါင်းဆောင်များနှင့် ဆွေးနွေးရန်လာကြောင်း သိရသော်လည်း နအဖ ၏ ညောင်နှစ်ပင်ညီလာခံကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့သွားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်သော်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့်သော်လည်းကောင်း တွေ့ဆုံခဲ့ခြင်း မရှိသည်ကို တွေ့ရသည်။ အလီအလာတပ်စ်၏ ခရီးစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂကိုယ်စားလှယ်များ၏ တာဝန်ခွဲဝေသတ်မှတ်ပုံများ၊ Mandate များကို အမျိုးသားညွန့်ပေါင်းအစိုးရ ကုလသမဂ္ဂရေးရာ တာဝန်ခံ ဒေါက်တာသောင်းထွန်းက RFA သို့ ယခုလိုရှင်းပြသည်။

***ဒေါက်တာသောင်းထွန်း။*** ။ UN မှာ mandate က အရမ်းစကားပြောတယ်။ ဒီ mandate ဘောင်ထဲမှာပဲ သူတို့ လုပ်ရတယ်။ ရာဇလီ နဲ့ ပင်နဲရိုးတောင်မှ ဗမာပြည်အတွက် ခန့်ထားတဲ့ mandate က confine လုပ်ထားတာ ရှိတယ်လေ။ ရာဇလီရဲ့ mandate က facilitation for dialogue၊ သူ့ကို သွားပြီးတော့ ကျနော်တို့က human rights မှာ ပင်နဲရိုး criticize လုပ်သလို publicly မလုပ်ရကောင်းလားဆိုပြီး သွားစိတ်တိုလို့မရဘူး။ ဘာလို့လဲဆိုတော့ သူ့ရဲ့ mandate က dialogue ဖြစ်ရေးဆိုတော့၊ သူက mandate ရဲ့ကန့်သတ်ချက် အနေအထားအရကိုက publicly သိပ်ပြောလို့မရဘူး။ ဆိုတော့ ပင်နဲရိုးကျတော့ mandate က public ပြောကိုပြောရမှာ၊ ဒီ သူ့ human rights ကလေ။ တချို့ကတော့လေ၊ ဟို mandate ကိုမသိတော့ ဗမာပြည်သွားရင် အကုန်လုံးလုပ်ရမှာပေ့ါ လို့ယူဆတယ်။ ဥပမာ၊ ဒီ အလာတက်စ်လည်း ဒီအတိုင်းပဲ၊ သူ့ရဲ့ mandate က UN reform ဆိုတော့ အဲဒါကိုပဲ သူ focus လုပ်ထားတယ်။ တခုတော့ ရှိတာပေ့ါ၊ အခြေအနေတွေကို ကြည့်ခဲ့ပါ ဆိုတာပေ့ါနော်၊ found out လုပ်တာ။ ဘယ်လိုတွေ ဖြစ်နေလဲ။ နအဖအမျိုးသားညီလာခံနဲ့ပတ်သက်တဲ့ နအဖရဲ့ အတွေးတွေက ဘယ်လိုလဲ။ time table က ဘယ်လိုလဲ။ ဘယ်တော့ ပြန်လုပ် မှာလဲ။ ဥပမာ၊ အမျိုးသမီးအဖွဲ့တွေက ILO ထွက်ပါလို့၊ ဒေါ်စုကို ဘာဖြစ်တယ်လို့၊ ဘာလို့ ILO ထွက်စေချင်တာလဲ စသဖြင့်တော့ found out လုပ်တာတော့ ရှိတာပေ့ါ။ သို့သော်လည်းပဲ သူ့ရဲ့ mandate က facilitation မဟုတ်ဘူး။ ဆိုတော့ အဲဒါကို သွားလုပ်နေမယ်ဆိုလို့ရှိရင် ဟိုဖက်က ရာဇလီရဲ့ mandate ကို စည်းသွားကျော်သလိုဖြစ်မှာပေ့ါ။

***အာအက်ဖ်အေ။*** ။ နောက် ခုတလော Global Fund ကလည်း နုတ်ထွက်တယ်။ အစိုးရက ရာဇလီကို ပေးမလာဘူး။ ပင်နဲရိုးကို ပေးမလာဘူး။ တချို့ NGO အဖွဲ့တွေရဲ့ လှုပ်ရှားမှုကိုလည်း ကန့်သတ်တယ်။ ဒါပေမယ့် အလီအလာတက်စ်ကိုတော့ လက်ခံတယ်။ လက်ခံတဲ့ အပိုင်းဟာ ပြည်တွင်းမှာ သူတို့ သိက္ခာပြန်ဆယ်တဲ့သဘောများ ပိုပြီးများနေသလား။

***ဒေါက်တာသောင်းထွန်း။*** ။ နအဖပိုင်းကတော့ နိုင်ငံရေးအာဂျင်ဒါအရ၊ သူတို့ကပဲ နိုင်ငံခြားက ဘယ်ပုဂ္ဂိုလ်မဆို၊ နိုင်ငံရေးအမြင်မှာ၊ သူတို့ဖက်မှာလည်းပဲ သူတို့နဲ့ တွေ့နေတဲ့လူတွေရှိပါတယ်ဆိုတာကို အသုံးချတဲ့အနေနဲ့ပေ့ါ။ သူတို့ရဲ့ လက်အောက်ခံအဖွဲ့အစည်းတွေ၊ အထူးသဖြင့် စစ်တပ်ကို ပြချင်တဲ့ သဘောထားနဲ့ လုပ်နေတယ်ဆိုတာတော့ သိသာတယ်လေ။ ဒါကြောင့်မိုလို့လည်းပဲ ဒီမြန်မာ့အလင်းကို ပြန်ကြည့်မယ်ဆိုလို့ရှိရင်၊ ဘယ်နိုင်ငံခြားသံအမတ်က လာတွေ့တွေ့ သတင်းစာထဲမှာ ထည့်လိုက်တယ်။ ဒါပေမယ့် ဘာဆွေးနွေးသွားတယ် ဆိုတာက သတင်းစာထဲကို မထည့်တာကိုး။ ကနေဒါက သံအမတ်တွေ့မယ်၊ နော်ဝေးသံအမတ်တွေ့မယ်၊ ဒါပေမဲ့လို့ တွေ့တဲ့၊ ဆွေးနွေးတဲ့ အနေအထားတွေမှာ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးနဲ့ ပတ်သက်တဲ့ကိစ္စမျိုးတွေပါမယ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တွေ့ဆုံဆွေးနွေးရေးကိစ္စတွေပါမယ်။ ဒါတွေကိုတော့ မဖော်ပြဘဲနဲ့ သူတို့က သံတမန်ရေးအရ ဒီနိုင်ငံတွေက ဆက်ဆံနေပါတယ် ဆိုတာကိုပြတဲ့သဘောတွေလည်း ရှိတယ်ပေ့ါနော်။ အခု အလာတက်စ်ရဲ့ ခရီးစဉ်ကျတော့ သူတို့အနေနဲ့ လက်ခံတယ်ဆိုတာ၊ ဘာကြောင့် လက်ခံရသလဲ ဆိုတဲ့မေးခွန်းကတော့ တခုက သူ့ရဲ့အဓိကလာတဲ့ ရည်မှန်းချက်ကိုက UN မှာ လာမယ့် စက်တင်ဘာလထဲမှာ ဆွေးနွေးမယ့် UN ပြုပြင်ပြောင်းလဲရေးကိစ္စတွေနဲ့ပတ်သက်တဲ့ ဆွေးနွေးဖို့ဖြစ်တယ်။

***အာအက်ဖ်အေ။*** ။ အဲဒီတော့ UN ပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်ပြီးတော့ ကျမတို့သိထားတာက၊ ဒီ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ကနေပြီးတော့ သံကိုယ်စားလှယ်တွေကိုပေ့ါလေ၊ ကမ္ဘာအရပ်ရပ်ကို လွှတ်ပြီးတော့ ဒီအကြောင်းကို တင်ပြဆွေးနွေးတာလို့ ကျမတို့သိထားပါတယ်။ မြန်မာနိုင်ငံကို အထူးပြုပြီးတော့ သက်သက်ကြီးလာတာမျိုး မဟုတ်ဘဲနဲ့ တကမ္ဘာလုံးကို ဖြန့်ပြီးတော့ သွားနေတဲ့ကိစ္စဆိုတော့၊ ဒီကိစ္စက မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးနဲ့ မသက်ဆိုင်ဘူးလို့လည်း ကျမတို့က နားလည်ထားတယ်လေ။

***ဒေါက်တာသောင်းထွန်း။*** ။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ တကမ္ဘာလုံးမှာရှိတဲ့ UN member တွေ၊ သူ့ region အလိုက်ခွဲ၊ ပြီးတော့ သူ့ envoy တွေလွှတ်ထားတယ်။ ကိုဖီအာနန်ကနေပြီးတော့ UN reform အတွက် အကြံပြုထားတာ ရှိတယ်လေ၊ ဥပမာ – လုံခြုံရေးကောင်စီကို ဘယ်လို တိုးချဲ့ဖွဲ့စည်းမယ်၊ ပြီးတော့ လူ့အခွင့်အရေး ကော်မရှင်ကို ဘယ်လို ပြန်လည်ဖွဲ့စည်းမယ်၊ ဆိုတော့ အဲဒါမျိုးတွေပါ။

***အာအက်ဖ်အေ။*** ။ ဟုတ်ကဲ့၊ နောက်တခုက ဒီ UN ပြုပြင်ပြောင်းလဲရေးလုပ်မယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံအပေါ်မှာ ရေတို၊ ရေရှည် အကျိုးသက်ရောက်မှုအနေနဲ့ ဘယ်လိုရှိနိုင်မလဲရှင်။

***ဒေါက်တာသောင်းထွန်း။*** ။ ရေတိုမှာကတော့နော်၊ နအဖရဲ့ အကျိုးစီးပွါးအပေါ် ဘာမှ ထိခိုက်စရာ အကြောင်းမရှိဘူး၊ ဥပမာ– လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးလား၊ လူ့အခွင့်

*စာမျက်နှာ (၃) ကော်လံ (၃)သို့*